# မြဝတီ နေ့စဉ်

ဖြောင့်မတ်တည်ကြည် သတင်းမှန်သည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၆၆)

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်၊ သောကြာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၏။ အနှစ်မရှိသောတရားကို အနှစ်မရှိဟု သိသည့် အယူမှန်ရှိကြသောသူတို့သည် သီလ စသောဂုဏ်ကျေးဇူးအနှစ်ကို ရကြကုန်၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**မှန်ကန်ရွေးချယ် မဲပေးမယ်**
**စတင်ရွေ့လှမ်း အနာဂတ်လမ်း။**

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပန်းတောင်းမြို့ရှိ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေး

## အရည်အသွေးပြည့်မီသည့်ဆန်များထုတ်လုပ်နိုင်ရေးအတွက် ပေါ်ဆန်းမွှေးစပါးကို စိုက်ပျိုးထုတ်လုပ်နိုင်ရန်လို




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပန်းတောင်းမြို့ရှိ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားစဉ်။

နေပြည်တော် ဇန်နဝါရီ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့ရှိ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအား ယနေ့နံနက်ပိုင်းတွင်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အတွင်းရေးမှူး


**စာမျက်နှာ ၅ ကော်လံ ၁★**





# အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်)

## ဇာတိသွေး ဇာတိမာန်ထက်သန်သည့် မျိုးဆက်သစ်များပေါ်ထွန်းရေး

မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံအသီးသီးကို လေ့လာကြည့်မည်ဆိုပါက မိမိနိုင်ငံ၏နယ်နိမိတ်အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် စစ်အင်အားများတိုးချဲ့ခြင်းနှင့် ခေတ်မီလက်နက်အသစ်အဆန်းများ စမ်းသပ်တီထွင်ထုတ်လုပ်ခြင်းများ အပြိုင်အဆိုင်ဆောင်ရွက်နေကြသည်ကို တွေ့ကြရမည်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင်လည်း Balance of Power ဟုခေါ်သည့် အင်အားချိန်ခွင်လျှာပျက်ယွင်းခြင်း၊ ဗိုလ်ကျစိုးမိုးခြင်း၊ အင်အားပြိုင်ဆိုင်မှုကိစ္စရပ်များနှင့် ရုပ်သေးအစိုးရဖြစ်စေရေးကြိုးစားမှုများ များပြားလျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ပြီး သမားရိုးကျစစ်ပွဲများဆင်နွှဲနိုင်ရေးနှင့် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင်အသုံးချခံမဖြစ်စေရေးအတွက် မြန်မာ့တပ်မတော်ကိုလည်း တိုက်စွမ်းရည်နှင့်တိုက်စွမ်းအားရှိသည့် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် (Standard Army)တစ်ရပ်အဖြစ် ရည်မှန်းချက်ထားကာ တည်ဆောက်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံ၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် စွမ်းရည်ထက်မြက်သည့် ကာကွယ်ရေးစွမ်းအားစုတစ်ရပ်တည်ဆောက်ပိုင်ဆိုင်ထားနိုင်ရမည်ဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် နိုင်ငံအတွင်း၌ဝါဒစွဲကြီးမားမှုမှအခြေခံပြီး ဂိုဏ်းဂဏကွဲပြားမှုများက တစ်ဆင့် ပြည်တွင်းသောင်းကျန်းမှုကာလကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ပြည်တွင်းသောင်းကျန်းမှုကို နှိမ်နင်းနေဆဲမှာပင် ပြည်ပကျူးကျော်မှုကြုံလာခဲ့ရပြန်သည်။ တပ်မတော်အနေဖြင့် ပြည်တွင်းပြည်ပရန်စွယ်အန္တရာယ်မှန်သမျှကို ပြည်သူနှင့်အတူလက်တွဲ၍ အောင်ပွဲခံနိုင်ခဲ့သည်။ ထိုအချိန်ကအစိုးရအဖွဲ့အမျိုးမျိုး၊ နိုင်ငံရေးစနစ်အမျိုးမျိုးနှင့် ဆူကြုံနိမ့်မြင့်ဖြတ်သန်းခဲ့ရာတွင်လည်း တပ်မတော်သည်ဒို့တာဝန်အရေးသုံးပါးကိုအခြေခံပြီး အမျိုးသားရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်အောင်ထမ်းရွက်နိုင်ခဲ့သည်။

တပ်မတော်သည် ဆူကြုံနိမ့်မြင့်ခရီးအသွယ်သွယ်တွင် စစ်ရေးတိုက်ပွဲများကိုသာမက နိုင်ငံရေးတိုက်ပွဲများကိုလည်း မလွဲမသွေရင်ဆိုင်ဆင်နွှဲရင်း အမျိုးသားနိုင်ငံရေးဦးဆောင်မှုဟူသည့်ထူးခြားသည့် သမိုင်းမှတ်တိုင်တစ်ခုကိုပါစိုက်ထူနိုင်ခဲ့သည်။ ဤသည်မှာ သမိုင်းစဉ်များကချီးမြှင့်သည့် မြန်မာ့တပ်မတော်၏ စွမ်းရည်သတ္တိဆိုင်ရာဂုဏ်ဒြပ်တစ်ခုလည်းဖြစ်သည်။ လွတ်လပ်ရေးသမိုင်းစဉ်၏ညွှန်းဆိုပြသမှု၊ ပြည်တွင်းသောင်းကျန်းမှုကာလသမိုင်းစဉ်များ၏ ညွှန်းဆိုပြသမှုများနှင့် ယနေ့မျက်မှောက်တာဝန်ကျေပွန်ခဲ့မှုများကိုကြည့်ရမည်ဆိုပါက တပ်မတော်သည် မျိုးချစ်စိတ်ကိုအခြေခံပြီး သန္ဓေတည်မွေးဖွားလာသည့် မျိုးချစ်တပ်မတော်တစ်ရပ်ဖြစ်ကြောင်းကို သိသာထင်ရှားစွာ တွေ့မြင်ကြရမည်ဖြစ်သည်။ ထို့ပြင် အမိမြန်မာနိုင်ငံတော်အတွက် ခိုင်မာအားကောင်းပြီး စွမ်းရည်(၃)ရပ်နှင့်ပြည့်စုံသည့် တပ်မတော်တစ်ရပ်ဖြစ်သည်ဟူသည့် ဂုဏ်ဒြပ်တစ်ခုကိုလည်း မျက်ဝါးထင်ထင်တွေ့မြင်ကြရမည်ဖြစ်သည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်သည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ် **"ဆုများချီးမြှင့်ခြင်းမခံရသော်လည်း နိုင်ငံတော်ကာကွယ်ရေးအတွက် ကျရာနေရာအသီးသီးတွင် ပေးအပ်သည့် ရည်မှန်းချက်တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်နေကြသူများကိုလည်း အသိအမှတ်ပြုကြောင်းကိုပြောကြားလိုကြောင်း၊ ဆက်လက်၍လည်း အစဉ်အလာကောင်းများနှင့်အတူ နောင်လာမည့်မျိုးဆက်သစ်များကို လွတ်လပ်ရေး၏တန်ဖိုးနှင့်အနှစ်သာရများ၊ သူရသတ္တိတို့နှင့်ပြည့်စုံခဲ့သည့် စစ်သည်တို့၏ဂုဏ်ဒြပ်များနှင့်အတူ နိုင်ငံ့သမိုင်းဂုဏ်ရှိန်ထည်ဝါခဲ့သည့် မြန်မာတို့၏ရာဇဝင်များကို ဆင့်ကဲမျှဝေရင်း ဇာတိသွေး၊ ဇာတိမာန်ထက်သန်သည့်မျိုးဆက်သစ်ကောင်းများပေါ်ထွန်းလာအောင် လက်ဆင့်ကမ်းအမွေပေးသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏သမိုင်းကြောင်းတွင် တပ်မတော်သည်လွတ်လပ်ရေးကြိုးပမ်းမှုကာလမှ စတင်ပေါ်ထွန်းလာသည့်အပြင် ရရှိထားသော လွတ်လပ်ရေးတည်တံ့ခိုင်မြဲစေရေးအတွက်လည်း စဉ်ဆက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်တပ်မတော်ဖြစ်သည်။ တပ်မတော်အနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝတည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ခြင်းများကို စဉ်ဆက်မပြတ်လုပ်ဆောင်နိုင်ရန်အတွက် မျိုးဆက်သစ်တို့၏အခန်းကဏ္ဍသည် အဓိကဖြစ်သည်။ လက်ရှိတာဝန်ထမ်းဆောင်နေကြသူများအနေဖြင့်လည်း မျိုးဆက်သစ်တို့ကိုကောင်းမွန်သောအမွေကောင်းများ လက်ဆင့်ကမ်းပေးကြရမည်ဖြစ်သည်။ "လုံ့လလည်းရှိ ဥဒ္ဒဏ်ကဝိနှင့်၊ သတ္တိရဲရောင်၊ ပွဲကြီးအောင်သည်၊ စွမ်းဆောင်လုံ့လအကျိုးတည်း" ဟူသည့် လင်္ကာအတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ဇွဲ၊ လုံ့လ၊ ဝီရိယ၊ သူရသတ္တိပြောင်မြောက်စွာ **ဇာတိသွေး၊ ဇာတိမာန်ထက်သန်သည့် မျိုးဆက်သစ်များပေါ်ထွန်းရေး**ကို အလေးထားဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်းတရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

## ပွင့်ဖြူမြို့နယ်၌ ကြံသီးနှံ ရာနှုန်းပြည့်ခုတ်သိမ်းပြီးစီး တစ်ကေလျှင် ကြံ ၁၄ ဒသမ ၁၃ တန်ထွက်ရှိ

ပွင့်ဖြူ ဇန်နဝါရီ ၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက သီးနှံဝင်ငွေတိုးပွားစေရေးအတွက် ကြံသီးနှံ ၈ ဧက စိုက်ပျိုးထားရှိကြောင်း၊ အဆိုပါကြံစိုက်ခင်းများကို ဒေသခံတောင်သူများက ခုတ်သိမ်းခဲ့ရာ ဇန်နဝါရီလ ၆ ရက်တွင် ရာနှုန်းပြည့် ခုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်အတွင်း ကြံသီးနှံ ၈ ဧက လျာထားစိုက်ပျိုးခဲ့ရာမှာ ဒေသခံတောင်သူတွေက စိုက်ကေပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးရေအဆင်ပြေတဲ့အတွက် ကြံစိုက်ခင်းတွေဟာ အောင်မြင်ဖြစ်ထွန်းမှုလည်းရှိပါတယ်။ လက်ရှိမှာ အဲဒီစိုက်ပျိုးထားတဲ့ ကြံစိုက်ခင်းတွေအားလုံး ရာနှုန်းပြည့် ခုတ်သိမ်းဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ အထွက်နှုန်းအနေနဲ့ တစ်ဧကကို ကြံ ၁၄ ဒသမ ၁၃ တန်ထွက်ရှိပါတယ်။ ပြီးခဲ့တဲ့နှစ်ကထက် အထွက်နှုန်းကောင်းမွန်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

အဆိုပါ ကြံသီးနှံစိုက်ပျိုးရေးလုပ်ငန်းသည် အခြားသီးနှံများထက် စိုက်ပျိုးစရိတ်အရင်းအနှီးနည်းပြီး ဈေးကွက်ကောင်းမွန်သဖြင့် ဒေသခံတောင်သူများက နှစ်စဉ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ကြံသီးနှံစိုက်ပျိုးခြင်းကို အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ၂၀၂၅ ခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းရှိကြံစိုက်ပျိုးတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက ပန်းတိုင်အထွက်နှုန်းများရရှိစေရန်အတွက် စိုက်ပျိုးရေးနည်းပညာနှင့်စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျသုံးစွဲတတ်စေရေး လိုအပ်သည့်စိုက်ပျိုးရေးနည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကြံသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြံကိုပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

## MWD Education, Knowledge & Sports Channel

၉-၁-၂၀၂၆(သောကြာနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၅ | Grade - 9 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၄:၀၀ - ၁၅:၀၀ | ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုသိကောင်းစရာများ၊ (ရူပဗေဒဘာသာရပ်) | |
| ၃။ | ၁၅:၃၀ - ၁၆:၂၀ | Grade - 9 | သင်္ချာ(၁)၊ သင်္ချာ(၂)၊ ပထဝီဝင် |
| ၄။ | ၁၆:၂၀ - ၁၈:၁၅ | Grade - 9 | သမိုင်း၊ သိပ္ပံ |


မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မြောင်းမြမြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ငရုတ်ဧက ၁၀၀၀ ခန့်စိုက်ပျိုးပြီးစီး

မြောင်းမြ ဇန်နဝါရီ ၈

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ငရုတ်ဧက ၁၀၀၀ ခန့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြောင်းမြမြို့နယ်၌ ငရုတ် ၄၇၉၁ ဧကကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလပထမပတ်က လျာထားစိုက်ပျိုးခဲ့ရာ လက်ရှိတွင် ငရုတ်ဧက ၁၀၀၀ ခန့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါငရုတ်များ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

''ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ငရုတ်တွေလျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ လိုအပ်တာတွေကို ဆောင်ရွက်ပေးနေပါတယ်။ ဒါ့ပြင် ဈေးကွက်ဝင် အထွက်နှုန်းကောင်းပြီး ဒေသရာသီဥတု၊ မြေအနေအထားနဲ့ကိုက်ညီတဲ့ငရုတ်အမျိုးအစားကို ရွေးချယ်စိုက်ပျိုးနေပါတယ်။ တောင်သူတွေကလည်း စိုက်ပျိုးရေးလုပ်ငန်းတွေလုပ်ကိုင်ရာမှာ ငရုတ်မျိုးကောင်းမျိုးသန့်တွေကို စနစ်တကျရွေးချယ်စိုက်ပျိုးလာပါတယ်။ စိုက်ပျိုးထားတဲ့ငရုတ်တွေမှာ ပိုးမွှားအန္တရာယ်ကင်းရှင်းဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့ အသိပညာ၊ နည်းပညာပေးလုပ်ငန်းတွေကို ဆောင်းသီးနှံတွေမစိုက်ပျိုးမီ ကြိုတင်စီမံဆောင်ရွက်ပေးခဲ့ပါတယ်။ ဆက်လက်ပြီး တောင်သူအသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးမှာပါ'' ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်ကပြောသည်။

မြောင်းမြမြို့နယ်၌ ငရုတ်အပါအဝင် ဆောင်းသီးနှံများအောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သီးနှံအထွက်နှုန်းကောင်းမွန်စေရန် စသည့်လုပ်ငန်းများကို ခရိုင်နှင့်မြို့နယ်စိုက်ပျိုရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများအထိကွင်းဆင်းကာ တောင်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သုတကျော်



# ချည်မျှင်နှင့်အထည်အလိပ်ကျွမ်းကျင်သူ တစ်နှစ်သင်တန်းနှင့် လက်ရက်ကန်း ခြောက်လသင်တန်းများဖွင့်လှစ်

မိတ္ထီလာ ဇန်နဝါရီ ၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(မိတ္ထီလာ)၌ ရိုးရာရက်ကန်းပညာများကို ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ချည်မျှင်နှင့်အထည်အလိပ်ကျွမ်းကျင်သူ တစ်နှစ်သင်တန်းနှင့် လက်ရက်ကန်းခြောက်လသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း(မိတ္ထီလာ)၌ ချည်မျှင်နှင့်အထည်အလိပ်ကျွမ်းကျင်သူ တစ်နှစ်သင်တန်းနှင့် လက်ရက်ကန်းခြောက်လသင်တန်းတို့အပြင် ကာလတိုသင်တန်းများဖြစ်သည့် စက်မောင်း၊ စက်ပြင်သင်တန်း၊ အခြေခံစက်ချုပ်သင်တန်း၊ အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်း၊ အခြေခံသံဂဟေဆက်နည်းသင်တန်း၊ အခြေခံစားသောက်ကုန်သင်တန်းနှင့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းတို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ချည်မျှင်နှင့်အထည်အလိပ်ကျွမ်းကျင်သူ တစ်နှစ်သင်တန်းကို ဇန်နဝါရီလ ၁ ရက်မှ ဒီဇင်ဘာလကုန်အထိ စက်ရက်ကန်း၊ ဆေးဆိုး၊ လက်ရက်ကန်း၊ တိုင်းရင်းသားရိုးရာဂျပ်ခုတ်၊ အထည်ဒီဇိုင်း၊ အထည်သင်္ချာ၊ စက်ချည်မျှင်ဆွဲ၊ အမျှင်ကုန်ကြမ်းဘာသာရပ်များနှင့် စက်ချုပ်နည်းပညာများကို သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးအား နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ စာတွေ့လက်တွေ့သင်ကြားပေးလျက်ရှိသည်။

လက်ရက်ကန်း ခြောက်လသင်တန်းတွင် လက်ရက်ကန်း၊ ဆေးဆိုး၊ အထည်ဒီဇိုင်း၊ အထည်သင်္ချာ၊ လက်ချည်မျှင်ဆွဲဘာသာရပ်များကို ဇန်နဝါရီလ ၁ ရက်မှ ဇွန်လအကုန်အထိနှင့် ဇူလိုင်လ ၁ ရက်မှ ဒီဇင်ဘာလကုန်အထိ တစ်နှစ်လျှင်နှစ်ကြိမ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယင်းသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၁၀ ဦးဖြင့် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းများတွင် သင်တန်းတက်ရောက်သူများအနေဖြင့် အသက် ၁၆ နှစ်မှ ၂၅ နှစ်အတွင်း အိမ်ထောင်မရှိသူဖြစ်ရမည့်အပြင် ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်သူ တစ်နှစ်သင်တန်းတက်ရောက်လိုသူများအနေဖြင့် အခြေခံပညာအလယ်တန်းအောင်မြင်ရမည်ဖြစ်ပြီး လက်ရက်ကန်း ခြောက်လသင်တန်းတက်ရောက်လိုသူများအနေဖြင့် အခြေခံပညာမူလတန်းအောင်မြင်ရမည်ဖြစ်သည်။

သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်းရှိအဆောင်၌ အခမဲ့နေထိုင်ခွင့်ပြုသည့်အပြင် ပညာသင်ထောက်ပံ့ကြေး တစ်လလျှင် ငွေကျပ် ၇၅၀၀၀ ပံ့ပိုးပေးလျက်ရှိကြောင်း၊ သင်တန်းတက်ရောက်ပြီးပါက နိုင်ငံတော်ပိုင် ချည်မျှင်နှင့်အထည်အလိပ်စက်ရုံများ၊ ပုဂ္ဂလိကပိုင်အထည်ချုပ်စက်ရုံများ၌ ဝင်ရောက်လုပ်ကိုင်နိုင်ရန်နှင့် ကိုယ်ပိုင်လုပ်ငန်းများ လုပ်ကိုင်နိုင်သည်အထိ ပံ့ပိုးကူညီပေးမည်ဖြစ်ကြောင်း သိရသည်။

(၆၀၂)

# ကြံခင်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြော



ကြံခင်း ဇန်နဝါရီ ၈

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် အခြေခံပညာ အလယ်တန်းကျောင်းခွဲ(ကျွန်းပုလု)တို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ဇန်နဝါရီလ ၇ ရက်က အဆိုပါကျောင်းရှိ စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သောကြာဒူးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဇော်မင်းလတ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မိုးမြင့်က အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်း၏ရည်ရွယ်ချက်ကိုပြောကြားသည်။

ဆက်လက်၍ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန တာဝန်ခံ ဒေါ်သိမ့်သိမ့်နွေးက အားကစားအမျိုးအစား၊ အားကစားပြုလုပ်ခြင်းဖြင့် ရရှိနိုင်သည့်အကျိုးကျေးဇူးများနှင့် Grade-8 ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အားကစားသိပ္ပံကျောင်း၌ တက်ရောက်ပညာသင်ကြားခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတ၊ ရသစာအုပ်စာစောင်များ၊ မီးခိုးမြူငွေ့အန္တရာယ်ဝိုင်းဝန်းစုပေါင်း ဒို့ကာကွယ်နှင့် မူးယစ်အန္တရာယ်လူ့ရန်စွယ် အသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)



# အရိပ်

**မစန္ဒာ**



**ယမန်နေ့မှအဆက်**

"ရုရှားနဲ့အမေရိကန် လပေါ်ကို ဘယ်သူအရင်ရောက်မလဲ' 'ရုရှားရောက်မှာပေါ့'

ညီလင်းကမေးသောအခါ အမာညိုက ခပ်အေးအေးပင်ပြောသည်။ ရုရှားဘက်ကလိုက်ပြောချင်လှသောကြောင့်တော့မဟုတ်ချေ။ သို့သော် ညီလင်းက အမေရိကန်ကိုအထင်ကြီးကြောင်း သိထားပြီးဖြစ်၍ ဆန့်ကျင်ဘက်နေရာမှ ရပ်တည်လိုက်ခြင်းဖြစ်သည်။

'မမကလည်း အမေရိကန်အရင်ရောက်မှာပါဗျာ' 'ငါကတော့ ရုရှားပဲ' 'ကဲ လောင်းမလား' 'မလောင်းပါဘူး၊ ဘာလုပ်ဖို့ အရည်မရ အဖတ်မရ'

အမာညိုက ငေါက်ဆတ်ဆတ်လေးပြောပြီး စပ်လက်စဆေးများကို စုတ်တံနှင့်မွှေနေသည်။ စားပွဲပေါ်တွင်ဖြန့်ထားသောစာရွက်ကို ညီလင်းက ငုံ့၍ကြည့်လိုက်သည်။ လေးထောင့်တုံးပုံ၊ စတုရန်းလေးများကို အကြီးအသေးကြည့်၍ကောင်းအောင် ခဲတံနှင့် ဖွဖွလေးသာ လျှာပြီးဆွဲထားသည်။

'အဲဒါဘာလဲ မမ' 'နက်ဖြန်ခါတင်ရမယ့်ပုံဟဲ့၊ ငါခုထိမပြီးသေးဘူး' 'ဘာပုံလဲ' 'ကူးလ်ကာလာကွန်ဘိုင်နေးရှင်း အဲ အေးတဲ့အရောင်တွေကို ကြည့်ကောင်းအောင်တွဲပြီး ဆွဲရတာလေဟာ'

ညီလင်းသည် အမာညို၏ဆေးခွက်ထဲသို့လာကြည့်သည်။ အစိမ်းရောင်ဆေးစပ်နေခြင်းဖြစ်သည်။ ဆေးဘူးထဲတွင်ပါသော ရိုးရိုးအစိမ်းကို အမာညိုမသုံးပေ၊ အပြာရောင်နှင့်အဝါရောင်စပ်ပြီး ဖက်ဖူးစိမ်းရင့်ရင့်လေးရအောင် ကြိုးစားပြီးစပ်နေခြင်းဖြစ်သည်။

အမာညို ဒုတိယနှစ်ရောက်သောအခါ ညီလင်းသည် ထူးထူးဆန်းဆန်းများကိုမြင်ရသည်။ ကျော်ထွန်းညိုတုန်းက ဆေးဘူး၊ ဆေးခွက်၊ စုတ်တံများနှင့် အလုပ်လုပ်ရသည်ကို မတွေ့ခဲ့ရဖူးချေ။ အမာညိုလက်ထက်ရောက်သောအခါမှပင် စုတ်တံတစ်ချောင်းနှင့် တကုပ်ကုပ်အလုပ်ရှုပ်လေတော့သည်။ သူ့လွယ်အိတ်ထဲမှ ဘူးလေးထဲတွင်လည်း ခဲတံမျိုးစုံတွေ့ရသည်။ သံချောင်းနီးနီး မာကျစ်နေသောခဲဆန်ရှိသည့် ခဲတံမှအစပြု၍ မျက်ခုံးမွှေးခဲတံလို ခဲသားထူထူပွပွကြီးများပါသည့် ခဲတံများအထိ အမျိုးပေါင်းစုံလှသည်။

'ကိုကို့တုန်းက မမလို စုတ်တံတွေဘာတွေ မကိုင်ရပါဘူး' 'ဟဲ့ သူက အင်ဂျင်နီယာ၊ ငါက ဗိသုကာတူတာလိုက်လို့' 'ဘာထူးလို့တုံးဗျ' 'သိပ်ထူးတာပေါ့၊ ငါတို့ခိုင်းတာ သူတို့ကလုပ်ရမှာ၊ ငါတို့ဆွဲပေးလိုက်တဲ့ပုံကို သူတို့က ဆောက်ပေးရတာ ဟား ဟား' 'ခွေးမနော် မိညိုနော်'

တစ်ဖက်စားပွဲမှ ကျော်ထွန်းညိုက လှည့်၍မျက်စောင်းထိုးသည်။ အမာညိုက မေးလေးငေါ့ကာ မခံချိမခံသာ ထပ်ပြောသည်။

'ဟုတ်ဘူးလားလို့ဟင်း' 'နင်တို့သာ စိတ်ကူးယဉ်သမားတွေ၊ ဘာမှလက်တွေ့မသိဘဲ ပေါက်ကရတွေ စိတ်ကူးပြီး ပေါက်ကရတွေ ဆွဲနေတာ'

'ဘာလို့လက်တွေ့မသိရမှာလဲ၊ သိတာမှ သိသိနဲ့တောင်မြည်နေသေးတယ်၊ ဗိသုကာဆိုတာ အနုပညာနဲ့သိပ္ပံပညာရပ်ကို ပေါင်းစပ်ထားတဲ့ပညာရပ်၊ အနုပညာဦးနှောက်ရှိရမယ်၊ သိပ္ပံပညာကို လက်တွေ့တတ်ရမယ်၊ ဒီမှာ ကြည့်ထားပါ ကိုကိုရ၊ အမျိုးသမီးဗိသုကာကြီး အမာညိုဆောက်မယ့် အဆောက်အအုံတွေကို စောင့်ကြည့်ပါ' 'အေး စောင့်ပြီးကြည့်ရုံပဲကြည့်မယ်၊ နင်ဆောက်တဲ့အိမ်မှာ နေရမယ်ဆိုရင်တော့ မနေဘူး'

'ဘာဖြစ်လို့'စိတ်ကူးယဉ်ချင်တိုင်းယဉ်ပြီးဆွဲတာ၊ ခိုင်ပါ့မလားဟ၊ ပြိုကျမှာပေါ့' 'အောင်မာ အောင်မာနော်'

အမာညိုသည် မခံချင်စိတ်နှင့်ဆေးခွက်လေးကို တအားမွှေလိုက်သည်။ ကျော်ထွန်းညိုကို အပြစ်ပြော၍မရပေ။ သူတို့ဗိသုကာလူနည်းစုလေးသည် အင်ဂျင်နီယာလူများစုထဲတွင် စိတ်ကူးယဉ်သမားများအဖြစ်သတ်မှတ်ခံနေရသည်မှာလည်း တကယ်ပင်ဖြစ်သည်။ မတရားကြီးသတ်မှတ်သည်တော့လည်း မဟုတ်ပေ။ သူတို့အားလုံး အနည်းနှင့်အများ စိတ်ကူးယဉ်ကြသည်။ နုကြသည်။ သင်္ချာတွက်ရမည့်အစားပုံသာဆွဲချင်ကြတော့သည်။ စတူဒီယိုခေါ် ပုံဆွဲခန်းကလေးကို ကိုယ်ပိုင်ရကြလေတော့လည်း တခြားကျောင်းချိန်များကိုပင်မတက်ဘဲ ကိုယ်ပိုင်အခန်းတွင် ကိုယ်ဆွဲချင်ရာပုံကို တကုပ်ကုပ်နှင့် ဆွဲလေ့ရှိကြသည်။ ထို့ကြောင့်လည်း စာမေးပွဲများတွင် အမှတ်စာရင်းကြေညာသောအခါ ဗိသုကာများက ရှေ့ဆုံးမှနေပြီး ဂရိတ်ဝမ်းတွေ၊ တူးတွေ စီနေအောင် ရပြကြလေသည်။ သူတို့ဘာသာတွေကို ဝမ်းတွေ၊ တူးတွေရအောင်ဖြေပြီး ပုံဆွဲရန်သာ စိတ်ဝင်စားနေသော ဗိသုကာကျောင်းသားများကို ဆရာများကလည်း သဘောမတွေ့လှပေ။ အမာညိုကိုယ်တိုင်လည်း စုတ်တံများ၊ ပုံဆွဲခဲတံများနှင့်သာ ပျော်နေသည်။ ယခင် သင်္ချာတော်သော်လည်း ယခုသိပ်ပြီးမတော်တော့ပေ။ ဆရာက သင်္ချာသင်နေသော်လည်း သူက ဆွဲရမည့်ဒီဇိုင်းကိုသာ စဉ်းစားနေသည့်အတွက်ဖြစ်သည်။ ဒါတောင်မှ သူတို့တစ်တွေ အဆောက်အအုံပုံများရေးဆွဲရသည်မဟုတ်သေးပေ။ အရောင်အကြောင်းကိုသာသင်ရပြီး အရောင်နိုင်နင်းအောင်၊ အလင်းအမှောင် သဘောတရားလောက်ကိုသာ တီးမိခေါက်မိအောင် ရေးဆွဲနေရခြင်းဖြစ်သည်။

'အေးတဲ့အရောင်ဆိုတာ ဘာလဲ မမ၊ ရေခဲတုံးအရောင်လား' 'နင့်ဘိုးအေမှပဲ၊ မျက်စိအေးတဲ့အရောင်တွေကိုပြောတာဟဲ့၊ အပြာတို့၊ အစိမ်းတို့ပေါ့၊ အဖြူလည်း ပါတယ်' 'မမစုလှိုင် ဟိုတစ်နေ့က ဝတ်ထားတာ အင်္ကျီအပြာလေးနဲ့ထဘီအပြာလေးလေ၊ ဖဲကြိုးကလည်းအပြာ၊ တစ်ကိုယ်လုံးအေးနေတာပဲ၊ လှတယ်ဗျနော'

ရုပ်ရှင်ကြည့်ခဲ့ရသောနေ့ကို ညီလင်းက အမှတ်တရပြောသည်။ စုလှိုင်၏ အမည်ကိုကြားသောအခါ ကျော်ထွန်းညိုကလည်း မသိမသာလှည့်ကြည့်လေသည်။

'သူ့အဖေက မိန်းမတွေ အများကြီးဗျ 'နင်ဘယ်လိုလုပ်သိလဲ' 'သိတာပေါ့ ဒီလိုပဲပေါ့၊ တစ်နေ့ကတောင် ကားနဲ့ဖြတ်သွားတာတွေ့လိုက်သေးတယ်၊ သူ့အဖေနဲ့ မိန်းမတစ်ယောက်၊ ကလေးလေးတစ်ယောက်လည်းပါတယ်' 'ဟုတ်လား' 'ကျွန်တော်သူငယ်ချင်းကပြောတယ်၊ ဦးသာလှိုင်နဲ့သူ့နံပါတ် (၂) တဲ့'

အမာညိုသည် ဆေးကိုစိတ်တိုင်းကျစပ်၍ ရသွားပြီဖြစ်သဖြင့် စုတ်တံလေးနှင့်တို့ယူကာ စာရွက်ပေါ်တင်လိုက်သည်။ ဘေးဘက်သို့ စွန်းမထွက်ရန်သတိထားပြီး လက်ကိုငြိမ်ငြိမ်ထား၍ခြယ်ရသည်။ အမာညိုပုံဆွဲလျှင် မျက်တောင်ခတ်ရန်၊ အသက်ရှူရန် မေ့နေတတ်သည်။

မေမေကြီးသည် မြေပဲလှော်တစ်ပန်းကန်ကိုင်ကာ စာကြည့်ခန်းထဲသို့ တလှုပ်လှုပ်ဝင်လာသည်။ သူ့မြေးများစာကျက်နေစဉ် အဆာပြေစားသောက်ရန်ဖြစ်သည်။

'ဘယ်သူ့နံပါတ် (၂) လဲ'

မေမေကြီးက နားစွန်နားဖျားနှင့် ဝင်မေးသည်။ သူ့မြေပဲလှော်ပန်းကန်ကို မည်သူမျှမနှိုက်သေးခင် သူက အရင်လက်တစ်ဆုပ်နှိုက်ကာ တဖောက်ဖောက်ဝါးစားရင်း အမာညိုဆွဲနေသောပုံကို ကုန်း၍ကြည့်သည်။

'မမရဲ့သူငယ်ချင်းရဲ့အဖေက မိန်းမပွေတယ် မေမေကြီးရ၊ မိန်းမနှစ်ယောက်သုံးယောက်နဲ့' 'ဟုတ်လား သူ့သားသမီးတွေတော့ ဒုက္ခပဲ'

မေမေကြီးသည် အမာညို၏ဘေးတွင် ဝင်၍ထိုင်သည်။ ကရမက်နံ့က တသင်းသင်း ဝေ့လာသည်။ အမာညိုသည် ကရမက်နံ့သင်းသင်းကို ရှူရှိုက်ရင်း နှမြောနေသည်။ မေမေကြီးသည် ဝသဖြင့် သူ့တစ်ကိုယ်လုံးမပြောနှင့်၊ ပေါင်တစ်လုံးစာရအောင်ပင် အမာညိုမနည်းသွေးရလေသည်။ မေမေကြီးကလည်း ဘာလိမ်းလိမ်း ခြေဆုံးခေါင်းဆုံး မွှေးကြိုင်နေအောင်လိမ်းတတ်သူမို့ တစ်ကျောက်ပျဉ်လုံး ကုန်အောင်လိမ်းရသည်။ လိမ်းပြီး သုံးလေးရက် ရေမချိုးဘဲနေလျှင် ကိစ္စမရှိ၊ ဒီနေ့လိမ်းပြီး နက်ဖြန်ရေချိုးချလိုက်ပါက အမာညိုနှမြော၍မဆုံးတော့ပေ။

**ဆက်လက်ဖော်ပြပါမည်။**

# ပခုက္ကူမြို့၌ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး လူငယ်ရေးရာအသိပညာပေးဟောပြော



ပခုက္ကူ ဇန်နဝါရီ ၈

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ဇန်နဝါရီလ ၇ ရက်က ပခုက္ကူမြို့ လေ့ကျင့်ရေးအလယ်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုချိုမာက လူငယ်နှင့်အောင်မြင်ရေးနည်းလမ်းများ၊ ဦးစီးအရာရှိ ဒေါ်တင်မာမျိုး (တွဲဖက်)က လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး၊ ဒုတိယဦးစီးမှူး ဒေါ်ဝင်းမေ(စာကြည့်တိုက်မှူး)က လူငယ်နှင့်စာအုပ်စာပေဖတ်ရှုလေ့လာခြင်း၊ စာကြည့်တိုက်လက်ထောက်-၃ ဒေါ်ချိုချိုဝင်း(တွဲဖက်)က လူငယ်နှင့်ကျန်းမာရေးခေါင်းစဉ်တို့ဖြင့် အသီးသီးဟောပြောကြသည်။

အသိပညာပေးဟောပြောပွဲသို့ ပခုက္ကူမြို့ လေ့ကျင့်ရေးအလယ်တန်းကျောင်းမှ တာဝန်ခံကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက မြန်မာ့ရိုးရာစကားပုံ၊ စကားဆက်များနှင့်စပ်လျဉ်း၍ ဉာဏ်စမ်းပဟေဠိမေးခွန်းများ မေးမြန်းကာ အဖြေမှန်သူများကို စာရေးကိရိယာများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ကလေးအလုပ်သမားပပျောက်ရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များပြသခြင်း၊ ကျောင်းသား၊ ကျောင်းသူများ လေ့လာဖတ်ရှုသင့်သည့် သုတ၊ ရသ စာအုပ်စာစောင်များ၊ နေ့ထူးနေ့မြတ်ဆိုင်ရာ ပြိုင်ပွဲဝင်စာစီစာကုံးများ၊ ကဗျာစာအုပ်များနှင့် သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာစာအုပ်များ ခင်းကျင်းပြသပြီး ငှားရမ်းဖတ်ရှုနိုင်ရန် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုကို အထောက်အကူပြုစေမည့် ဆီထွက်သီးနှံများဖြစ်ကြသည့် နေကြာ၊ ပဲပုပ်တို့အား ပိုမိုတိုးမြှင့်စိုက်ပျိုး၊ ဒေသတွင်းဝါစိုက်ပျိုးခြင်းကို မြှင့်တင်ဆောင်ရွက်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပန်းတောင်းမြို့နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

❖ ဒေသတွင်းစိုက်ပျိုးရေးနှင့်ပတ်သက်၍ ဆန်ဖူလုံမှုသည် ၂၀၀ ရာခိုင်နှုန်းကျော်၊ ပဲဖူလုံမှုသည် ၃၀၀ ရာခိုင်နှုန်းကျော်ရှိသည်ဟုသိရှိရ၊ စီးပွားရေးအရ တွက်ခြေကိုက်နိုင်သည့် တန်ဖိုးမြင့်ပေါ်ဆန်းမွှေးစပါး စိုက်ပျိုးထုတ်လုပ်ခြင်းကို ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားကြစေလို . . .

❖ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဒေသတွင်း ပညာတတ်အရင်းအမြစ်များလိုအပ် . . .

❖ ပညာတတ်များပေါ်များကြွယ်ဝမှသာ ဒေသတွင်းလူမှုစီးပွားဘဝများပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၊ ပန်းတောင်းမြို့သည် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အခြေခံကောင်းများရှိပြီးဖြစ်၊ ထို့ကြောင့် ပန်းတောင်းမြို့နယ်အတွင်း ပညာတတ်လူသားအရင်းအမြစ်များ ပိုမိုတိုးတက်လာပြီး ဒေသဖွံ့ဖြိုးအောင် ကြိုးပမ်းဆောင်ရွက် . . .

☆ ရှေ့ဖုံးမှအဆက်

ပြည်ထောင်စုဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပန်းတောင်းမြို့ရှိ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ MSME လုပ်ငန်းရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ဒေသအတွင်း အသား၊ ငါး၊ နို့နှင့်ဥဖူလုံမှုအခြေအနေများ၊ MSME လုပ်ငန်းများဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိမှု၊ အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ ဒေသတွင်းပညာရည်မြှင့်တင်ရေးနှင့် ကျန်းမာရေးကဏ္ဍမြှင့်တင်ရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက်မြို့မိမြို့ဖများက ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့သည် လမ်းဆုံလမ်းခွနေရာတွင်တည်ရှိနေပြီး တိုင်းလေးတိုင်းဆုံရာ အချက်အချာကျသည့်နေရာတစ်ခုဖြစ်သဖြင့် လမ်းဆုံနေရာအား အထိမ်းအမှတ်နေရာတစ်ခုကို ခမ်းနားထည်ဝါစွာဖြင့် တည်ဆောက်ပေးစေလိုမှုနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ပန်းတောင်းမြို့နယ်သို့ ပထမဦးဆုံး လာရောက်ခဲ့သည့် နိုင်ငံတော်အကြီးအကဲတစ်ဦးဖြစ်သဖြင့် ဒေသခံများအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူလျက်ရှိမှု၊ နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင်မှု၊ ပြည်သူလူထု၏ လိုက်ပါဆောင်ရွက်မှုတို့ဖြင့် ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး ပန်းတောင်းမြို့နယ်မှ ဒေသခံများအနေဖြင့်လည်း ရွေးကောက်ပွဲအောင်မြင်မှုရှိစေရေး တညီတညွတ်တည်းပါဝင်ဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ ဦးမင်းနောင်တို့က ပန်းတောင်းမြို့နယ်အနေဖြင့် စက်မှုလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်သည့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိမှု၊ စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်း Agro –Base Industry များကို အောင်မြင်စွာဆောင်ရွက်နိုင်မည့် ရေခံမြေခံကောင်းများကို ပိုင်ဆိုင်ထားရှိသော်လည်း ထိုက်သင့်သည့်ဖွံ့ဖြိုးတိုးတက်မှုများရရှိနိုင်ရန် လိုအပ်ချက်များရှိနေမှု၊ ဝန်ဆောင်မှုလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရေး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်မှု၊ ဒေသတွင်းရှိစက်မှုလုပ်ငန်းများနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်မည့်လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုဖော်ဆောင်နိုင်မှု၊ နိုင်ငံတော်တွင် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် MSME လုပ်ငန်းများကို နိုင်ငံအဝန်းအားပေးဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်သည့် ရင်းနှီးမတည်ငွေများ၊ နည်းပညာများ၊ သွင်းအားစုများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု၊ MSME လုပ်ငန်းများ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ဒေသတစ်ခုချင်းစီအလိုက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖော်ဆောင်ပေးနိုင်သကဲ့သို့ ဒေသနှင့် နိုင်ငံတော်၏စီးပွားရေးသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် စဉ်ဆက်မပြတ် အားပေးဆောင်ရွက်လျက်ရှိမှု၊ ပန်းတောင်းမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖွံ့ဖြိုးတိုးတက်စေရေး၊ သီးထပ်စိုက်ပျိုးမှုများ အောင်မြင်မှုရှိစေရေးတို့အတွက် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိမှု၊ ဆိုလာစနစ်သုံး မြစ်ရေတင်စီမံကိန်းများဆောင်ရွက်ပေးခြင်း၊ ဆိုလာစနစ်သုံး မြေအောက်ရေ ထုတ်ယူသုံးစွဲနိုင်ရေးဆောင်ရွက်ပေးခြင်းတို့ဖြင့် စိုက်ပျိုးရေ လုံလောက်စွာရရှိအောင် ဆောင်ရွက်ပေးလျက်ရှိမှု၊ နိုင်ငံတော်မှ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် ဒေသအနီးဝန်းကျင်ရှိ စိုက်ပျိုးမွေးမြူရေးသိပ္ပံများတွင်လည်း အတတ်ပညာများ တက်ရောက်သင်ကြား၍ လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်သွားကြစေလိုမှုတို့နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲအနေဖြင့် ပန်းတောင်းမြို့နယ်သို့ ပထမဆုံးလာရောက်သည်ဟု သိရှိရသည့်အတွက် မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ ပန်းတောင်းမြို့သည် သမိုင်းကြောင်းအစဉ်အလာရှိသည့်နေရာတစ်ခုဖြစ်ပြီး ပထဝီနိုင်ငံရေးအရ ထူးခြားသည့်ဒေသတစ်ခုဖြစ်ကြောင်း၊ ဒေသတွင်းစိုက်ပျိုးရေးနှင့်ပတ်သက်၍ ဆန်ဖူလုံမှုသည် ၂၀၀ ရာခိုင်နှုန်းကျော်၊ ပဲဖူလုံမှုသည် ၃၀၀ ရာခိုင်နှုန်းကျော်ရှိသည်ဟုသိရှိရကြောင်း၊ အရည်အသွေးပြည့်မီသည့် ဆန်များ ထုတ်လုပ်နိုင်ရေးအတွက် ပေါ်ဆန်းမွှေးစပါးကို စိုက်ပျိုးထုတ်လုပ်နိုင်ရန် လိုကြောင်း၊ အထွက်နှုန်းကောင်းမွန်စေရေးအတွက် သွင်းအားစုများကို စနစ်တကျထည့်သွင်းစိုက်ပျိုးခြင်းဖြင့် ပန်းတောင်းဒေသအတွင်း ပေါ်ဆန်းမွှေးစပါးကို အထွက်နှုန်းကောင်းမွန်စွာဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့်စီးပွားရေးအရ တွက်ခြေကိုက်နိုင်သည့် တန်ဖိုးမြင့်ပေါ်ဆန်းမွှေးစပါး စိုက်ပျိုးထုတ်လုပ်ခြင်းကိုပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

ဆီထွက်သီးနှံစိုက်ပျိုးခြင်းနှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် စားသုံးဆီများကို ပြည်ပမှ များစွာတင်သွင်းနေရပြီး နိုင်ငံခြားငွေများ များစွာသုံးစွဲနေရကြောင်း၊ သို့သော် မိမိတို့နိုင်ငံမှထွက်ရှိသည့် မြေပဲနှင့် အခြားဆီထွက်သီးနှံများကို ပြည်ပသို့ တင်ပို့နေသော်လည်း ကုန်ကြမ်းအဖြစ်သာတင်ပို့ခြင်းဖြစ်သဖြင့် ထိုက်သင့်သလောက် ဝင်ငွေမရရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုကို အထောက်အကူပြုစေမည့် ဆီထွက်သီးနှံများဖြစ်ကြသည့် နေကြာ၊ ပဲပုပ်တို့အား ပိုမိုတိုးမြှင့်စိုက်ပျိုးသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ပန်းတောင်းမြို့နယ်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသဖြင့် ဒေသမှထွက်ရှိသည့် ပဲနှင့် ဆန်များကိုအသုံးပြု၍ ကြာဆံများကို ထုတ်ကုန်တစ်ခုအဖြစ် ထုတ်လုပ်နိုင်ကြောင်း၊ အလားတူ ပန်းတောင်းမြို့နယ်အတွင်း ဝါအား စမ်းသပ်စိုက်ပျိုးနေသည်ကို သိရှိရကြောင်း၊ စိုက်ပျိုးဖြစ်ထွန်းမှုအပေါ်မူတည်ပြီး ဝါကိုအခြေခံသည့် ဝါဂွမ်း၊ ချည်မျှင်နှင့် အထည်ထုတ်လုပ်ခြင်းလုပ်ငန်းများကို **စာမျက်နှာ ၆ သို့ ☆**

✯ **စာမျက်နှာ ၅ မှအဆက်**

ဆောင်ရွက်နိုင်သကဲ့သို့ ဝါစေ့ဆီကိုလည်း ထုတ်လုပ်နိုင်ကြောင်း၊ ထို့ကြောင့် ဒေသတွင်းဝါစိုက်ပျိုးခြင်းကို မြှင့်တင်ဆောင်ရွက်ကြစေလိုကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ ပန်းတောင်းဒေသတွင်စားရေးကိုအထောက်အကူပြုစေရေးအတွက် အသားစားကြက်၊ ဥစားကြက်၊ ဝက်နှင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့မွေးမြူသွားရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထွက်ကုန်ပစ္စည်းများဖြင့် တိရစ္ဆာန်အစာများကိုထုတ်လုပ်၍ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာအထက်တန်းကျောင်းများအား ဒေသအလိုက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ဒေသတွင်းမွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်ခြင်းဖြင့် ဒေသတွင်းသို့ လာရောက်လည်ပတ်ကြသည့်ခရီးသွားများ၏စားရေးကိုလည်း အထောက်အကူပြုနိုင်သကဲ့သို့ ပိုလျှံသည့်အသား၊ ငါးနှင့်ဥများကို အခြားဒေသများသို့လည်း တင်ပို့ရောင်းချနိုင်ကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်ဒေသတွင်း ပညာတတ်အရင်းအမြစ်များလိုအပ်သဖြင့် နိုင်ငံတော်အနေဖြင့် ပညာရည်မြင့်မားရေးအားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသအလိုက် ပညာရည်မြင့်မားရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအားလုံး အနည်းဆုံးအဆင့် အခြေခံပညာအဆင့် KG+9 အထိ သင်ကြားအောင်မြင်နိုင်စေရေးနှင့် တန်းစဉ်ကူးပြောင်းမှုများ မြင့်မားစေရေးဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အတန်းပညာမြင့်မားမှသာ အဆင့်မြင့်ပညာများကိုသင်ယူနိုင်မည်ဖြစ်ပြီးအသိပညာ၊ အတတ်ပညာမြင့်မားလာမည်ဖြစ်ကြောင်း၊ ပညာတတ်များ ပေါ်များကြွယ်ဝမှသာ ဒေသတွင်းလူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ပန်းတောင်းမြို့သည် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံကောင်းများ ရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ပန်းတောင်းမြို့နယ်အတွင်း ပညာတတ်လူသားအရင်းအမြစ်များ ပိုမိုတိုးတက်လာပြီး ဒေသဖွံ့ဖြိုးအောင် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

နိုင်ငံတော်အနေဖြင့်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအခြေခံပညာအထက်တန်းကျောင်းများကို ခရိုင်အလိုက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ဖွင့်လှစ်ရန်ကျန်ရှိသည့်ခရိုင်များတွင်လည်း ထပ်မံဖွင့်လှစ်နိုင်ရေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် နိုင်ငံတစ်ခုဖြစ်သဖြင့် လာမည့်ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းကျောင်းအဆင့်၌ စိုက်ပျိုး မွေးမြူရေးဆိုင်ရာ အခြေခံပညာများကို ထည့်သွင်းသင်ကြားပေးနိုင်ရေးစီမံဆောင်ရွက်လျက်ရှိကြောင်း၊ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဆိုသည့်အတိုင်း သင်ကြားရေးဆိုင်ရာ ဆရာ၊ ဆရာမများအနေဖြင့် စာပေပညာရပ်များအပြင် ကျောင်းသား၊ ကျောင်းသူများ စည်းကမ်းတကျဖြင့်နေထိုင်သွားလာပြောဆို လုပ်ကိုင်တတ်စေရေး သင်ကြားလေ့ကျင့်ပေးကြရန်လိုကြောင်း၊ စည်းကမ်းလိုက်နာမှုရှိသည့် လူငယ်၊ လူရွယ်များကို မွေးထုတ်ပေးနိုင်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှုကို များစွာအထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးအသုံးပြုမှုများသည် လူငယ်များ၏ဘဝကိုများစွာထိခိုက်စေသဖြင့် ပန်းတောင်းဒေသအတွင်း မူးယစ်ဆေးဝါးများ သုံးစွဲမှုမရှိစေရေးအတွက် တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်သွားကြစေလိုကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပန်းတောင်းမြို့နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပွားခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ မဲမသမာမှုများအား ဖြေရှင်းပေးရန်အတွက် ထိုအချိန်က တာဝန်ရှိသူများအား အကြိမ်ကြိမ်အကြောင်းကြားခဲ့သော်လည်း ဖြေရှင်းပေးမှုမရှိဘဲ နိုင်ငံတော်၏အာဏာကို မဲမသမာမှုရလဒ်များဖြင့် အနိုင်ရရှိလာသည့် ကိုယ်စားလှယ်များဖြင့် လွှတ်တော်ခေါ်ယူ၍ အဓမ္မနည်းဖြင့် ရယူရန်အတွက် ဆောင်ရွက်လာသည့်အတွက် တပ်မတော်အနေဖြင့် နိုင်ငံတော်ကိုအရေးပေါ်အခြေအနေကြေညာပြီး တာဝန်ယူဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အား စတင်တာဝန်ယူချိန်တွင် ဦးတည်ချက်များချမှတ်ဆောင်ရွက်ခဲ့ပြီး ယခုအခါ မိမိတို့အစိုးရ၏အဓိကရည်မှန်းချက်ဖြစ်သည့် ရွေးကောက်ပွဲအား ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသည့် အပိုင်း (၂) နှင့်အပိုင်း (၃) ကိုလည်း ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်အား ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအပိုင်း(၁)တွင် ဆန္ဒမဲပေးမှုများပြားပြီး ပြည်သူများအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပါဝင်လျှောက်လှမ်းလိုသည့် ဆန္ဒများရှိသည်ကို သိရှိရသဖြင့် အောင်မြင်သည့် ရွေးကောက်ပွဲဖြစ်ကြောင်း၊ ထို့ကြောင့် ပန်းတောင်းဒေသတွင်လည်း ရွေးကောက်ပွဲကျင်းပချိန်တွင် ဆန္ဒမဲပေးချိန်၌ ရာခိုင်နှုန်းများပြားစွာ ပိုမိုပေးအပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ ဆန္ဒမဲပေးရာတွင်လည်း နိုင်ငံတော်နှင့် ဒေသအကျိုးကို ဆောင်ရွက်ပေးနိုင်သည့်သူ၊ အမျိုးဘာသာသာသနာအကျိုးကို သယ်ပိုးထမ်းရွက်နိုင်မည့်သူ၊ နိုင်ငံတည်ရှိနေသရွေ့တည်တံ့ခိုင်မြဲစွာတည်ရှိနေမည့် တပ်မတော်နှင့် လက်တွဲဆောင်ရွက်နိုင်မည့် ကိုယ်စားလှယ်လောင်းများကိုရွေးချယ်၍ ဆန္ဒမဲပေးနိုင်ရန်လိုကြောင်း၊ အလားတူ ဥပဒေပြုရေးလုပ်ငန်းများကို ဆောင်ရွက်မည့်သူများဖြစ်သဖြင့် ဥပဒေကို သိရှိနားလည်ကြသူများလည်းဖြစ်ရန်လိုကြောင်း၊ အထူးသဖြင့် ပညာတတ်ကိုယ်စားလှယ်လောင်းများကို ရွေးချယ်နိုင်ရန်လိုကြောင်း၊ သို့မှသာ ပန်းတောင်းမြို့နယ်အတွက် ကိုယ်စားလှယ်ကောင်းများ ရရှိမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပန်းတောင်းမြို့နယ်အတွင်း ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ခင်းကျင်းပြသထားသည့် ပန်းတောင်းမြို့နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

❖ **နိုင်ငံတော်အား ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်၊ ရွေးကောက်ပွဲအပိုင်း(၁)တွင် ဆန္ဒမဲပေးမှုများပြားပြီးပြည်သူများအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပါဝင်လျှောက်လှမ်းလိုသည့် ဆန္ဒများရှိသည်ကိုသိရှိရသဖြင့် အောင်မြင်သည့်ရွေးကောက်ပွဲဖြစ် . . .**

❖ **ပန်းတောင်းဒေသတွင်လည်း ရွေးကောက်ပွဲကျင်းပချိန်တွင် ဆန္ဒမဲပေးချိန်၌ ရာခိုင်နှုန်းများပြားစွာပိုမိုပေးအပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် . . .**

❖ **ဆန္ဒမဲပေးရာတွင်လည်း နိုင်ငံတော်နှင့်ဒေသအကျိုးကို ဆောင်ရွက်ပေးနိုင်သည့်သူ၊ အမျိုးဘာသာသာသနာအကျိုးကို သယ်ပိုးထမ်းရွက်နိုင်မည့်သူ၊ နိုင်ငံတည်ရှိနေသရွေ့ တည်တံ့ခိုင်မြဲစွာတည်ရှိနေမည့် တပ်မတော်နှင့် လက်တွဲဆောင်ရွက်နိုင်မည့် ကိုယ်စားလှယ်လောင်းများကိုရွေးချယ်၍ ဆန္ဒမဲပေးနိုင်ရန်လို . . .**

❖ **ဥပဒေပြုရေးလုပ်ငန်းများကို ဆောင်ရွက်မည့်သူများဖြစ်သဖြင့် ဥပဒေကို သိရှိနားလည်ကြသူများလည်းဖြစ်ရန်လို . . .**

❖ **အထူးသဖြင့် ပညာတတ်ကိုယ်စားလှယ်လောင်းများကို ရွေးချယ်နိုင်ရန်လို . . .**

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်( ၁၁ /၂၀၂၆ )**
၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်းကြေညာခြင်း

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|
| **ကချင်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | |
| ( ၁ ) ဒေါ်မီမီကျော်ထွန်း | ၁/မကန(နိုင်)၀၇၆၆၄၁ | အမှတ်(၄) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၂ ) ဦးဆီဟူးဒွေ့ | ၁/ပတအ(နိုင်)၀၂၄၇၅၀ | အမှတ်(၆) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကယားပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | |
| ( ၃ ) ဦးရှားရယ် | ၂/လကန(နိုင်)၀၂၈၈၇၉ | အမှတ်( ၁ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၄ ) ဦးဟန်ထူး | ၂/ဘလခ(နိုင်)၀၀၀၂၉၀ | အမှတ်( ၂ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကရင်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | |
| ( ၅ ) ဦးစောဇော်ဝင်း | ၃/ဘအန(နိုင်)၀၄၂၉၇၆ | အမှတ်( ၄ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၆ ) ဦးမျိုးမင်းနောင် | ၁၂/စခန(နိုင်)၀၀၀၀၀၂ | အမှတ်( ၅ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | |
| ( ၇ ) ဦးခဲချိန် | ၅/နယန(နိုင်)၀၀၄၉၁၄ | အမှတ်( ၁ ) | နာဂအမျိုးသားပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | |
| ( ၈ ) ဦးအောင်ကြူနိုင် | ၆/တတက(နိုင်)၀၀၀၂၀၈ | အမှတ်( ၁ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၉ ) ဦးဇော်မင်းသန်း | ၁၂/သကတ(နိုင်)၁၂၀၉၇၃ | အမှတ်( ၄ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **မကွေးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | |
| (၁၀) ဦးအောင်လှထွေး | ၈/ရနခ(နိုင်)၀၂၂၈၇၃ | အမှတ်( ၁ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **မန္တလေးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | |
| (၁၁) ဦးတင်ဦးလွင် | ၉/မထလ(နိုင်)၀၉၀၆၅၂ | အမှတ်( ၆ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **မွန်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | |
| (၁၂) ဦးကျော်ကျော်လင်း (ခ)ဦးထိန်လင်း | ၁၀/မလမ(နိုင်)၁၆၆၄၅၁ | အမှတ်( ၂ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၃) နိုင်အမ်ချမ်းမွန် (ခ)မင်းစိုးခိုင် | ၁၀/မလမ(နိုင်)၂၀၆၈၆၀ | အမှတ်( ၄ ) | မွန်ညီညွတ်ရေးပါတီ |

**(ပုံ)သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း၏ ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ကချင်ပြည်နယ် | | | | | | |
| ၁ | မဲဆန္ဒနယ်အမှတ်(၄) | | | ၁၂၂၃၂ | ၂၈၃၉ | ၁၅၀၇၁ | |
| | | ဒေါ်မီမီကျော်ထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၁၅၃ | ၂၄၉၂ | ၇၆၄၅ | ၅၀.၇၃% |
| | | ဦးအားဘော့ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၄၂၈ | ၄၄ | ၂၄၇၂ | ၁၆.၄၀% |
| | | ဦးစောမင်းသိန်း | ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ | ၂၂၀၉ | ၁၄၃ | ၂၃၅၂ | ၁၅.၆၁% |
| | | ဦးကမမ်းမုန်လိုင်နော် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၉၆၉ | ၁၃၅ | ၂၁၀၄ | ၁၃.၉၆% |
| | | ဦးဂျုန်မာအောင်ပါ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၇၃ | ၂၅ | ၄၉၈ | ၃.၃၀% |
| ၂ | မဲဆန္ဒနယ်အမှတ်(၆) | | | ၄၈၇၁၄ | ၆၂၀၆ | ၅၄၉၂၀ | |
| | | ဦးဆီဟူးဒွေ့ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၀၂၇၈ | ၄၉၉၆ | ၂၅၂၇၄ | ၄၆.၀၂% |
| | | ဦးဂူဆာပါး | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၈၆၁၅ | ၂၄၇ | ၈၈၆၂ | ၁၆.၁၄% |
| | | ဦးစတီဗင်အောင်သူ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၆၆၇ | ၂၆၆ | ၇၉၃၃ | ၁၄.၄၄% |
| | | ဦးကျော်စိုးမိုးဝင်း | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၂၄၃ | ၃၄၄ | ၆၅၈၇ | ၁၁.၉၉% |
| | | ဦးဟိန်းအောင်ကျော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၉၁၁ | ၃၅၃ | ၆၂၆၄ | ၁၁.၄၁% |
| | ကယားပြည်နယ် | | | | | | |
| ၃ | မဲဆန္ဒနယ်အမှတ်(၁) | | | ၂၇၈၀၅ | ၄၂၅၂ | ၃၂၀၅၇ | |
| | | ဦးရှားရယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၁၄၄ | ၃၃၈၀ | ၁၄၅၂၄ | ၄၅.၃၀% |
| | | ဦးပေါ်ထွန်း | ကယားပြည်နယ်ပြည်သူ့ပါတီ | ၇၃၂၇ | ၃၅၉ | ၇၆၈၆ | ၂၃.၉၈% |
| | | ဒေါ်ချောစု | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၈၄၅ | ၂၇၇ | ၅၁၂၂ | ၁၅.၉၈% |
| | | ဦးမြင့်အောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၄၈၉ | ၂၃၆ | ၄၇၂၅ | ၁၄.၇၄% |
| ၄ | မဲဆန္ဒနယ်အမှတ်(၂) | | | ၄၀၈ | ၁၃၄၂ | ၁၇၅၀ | |
| | | ဦးဟန်ထူး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၃၇ | ၁၂၃၈ | ၁၅၇၅ | ၉၀.၀၀% |

စာမျက်နှာ ၈ သို့ ➡

➡ စာမျက်နှာ ၇ မှအဆက်

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေ အတွက် | ကြိုတင်မဲ အရေ အတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | | ဒေါ်ကိုးမယ်(ခ)ဟန်နီစိုး | ကယားပြည်နယ်ပြည်သူ့ပါတီ | ၁၈ | ၅၆ | ၇၄ | ၄.၂၃% |
| | | ဦးမီရယ်မြင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၉ | ၂၈ | ၆၇ | ၃.၈၃% |
| | | ဦးအောင်ဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၄ | ၂၀ | ၃၄ | ၁.၉၄% |
| | ကရင်ပြည်နယ် | | | | | | |
| ၅ | မဲဆန္ဒနယ်အမှတ်(၄) | | | ၈၈၅၆၅ | ၁၀၃၂၄ | ၉၈၈၈၉ | |
| | | ဦးစောဇော်ဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၉၃၁၉ | ၇၅၃၄ | ၃၆၈၅၃ | ၃၇.၂၇% |
| | | စောထွန်းလှမြိုင် | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ | ၂၃၃၉၁ | ၁၀၅၆ | ၂၄၄၄၇ | ၂၄.၇၂% |
| | | စောကြည်လင်း | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၂၁၉၄၂ | ၁၁၇၅ | ၂၃၁၁၇ | ၂၃.၃၈% |
| | | ဒေါ်နန်းဥမ္မာစန်း | ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ | ၉၃၇၂ | ၃၀၉ | ၉၆၈၁ | ၉.၇၉% |
| | | ဦးစိုးငြိမ်းသူ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၅၄၁ | ၂၅၀ | ၄၇၉၁ | ၄.၈၄% |
| ၆ | မဲဆန္ဒနယ်အမှတ်(၅) | | | ၁၂၄၅၃ | ၄၉၂၀ | ၁၇၃၇၃ | |
| | | ဦးမျိုးမင်းနောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၇၆၃ | ၂၈၆၈ | ၆၆၃၁ | ၃၈.၁၇% |
| | | ဦးဇော်မင်းထွေး | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၃၁၄၉ | ၁၂၀၃ | ၄၃၅၂ | ၂၅.၀၅% |
| | | ဦးစောဝင်းနိုင် | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ | ၂၆၉၁ | ၅၄၈ | ၃၂၃၉ | ၁၈.၆၄% |
| | | ခွန်အောင်အောင်ထွန်း | ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ | ၁၇၅၆ | ၁၁၂ | ၁၈၆၈ | ၁၀.၇၅% |
| | | ဒေါ်အေးအေးသက် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၀၉၄ | ၁၈၉ | ၁၂၈၃ | ၇.၃၉% |
| | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | |
| ၇ | မဲဆန္ဒနယ်အမှတ်(၁) | | | ၄၄၇၈၈ | ၂၅၄၆ | ၄၇၃၃၄ | |
| | | ဦးခဲချိန် | နာဂအမျိုးသားပါတီ | ၂၅၆၂၂ | ၁၀၉၅ | ၂၆၇၁၇ | ၅၆.၄၄% |
| | | ဦးဇင်းဝမ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၉၁၆၆ | ၁၄၅၁ | ၂၀၆၁၇ | ၄၃.၅၆% |
| | တနင်္သာရီတိုင်းဒေသကြီး | | | | | | |
| ၈ | မဲဆန္ဒနယ်အမှတ်(၁) | | | ၃၄၅၃၇ | ၅၂၄၄ | ၃၉၇၈၁ | |
| | | ဦးအောင်ကြူနိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၅၀၅ | ၄၄၆၇ | ၁၉၉၇၂ | ၅၀.၂၀% |
| | | ဒေါ်ချိုဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၉၀၃၂ | ၇၇၇ | ၁၉၈၀၉ | ၄၉.၈၀% |
| ၉ | မဲဆန္ဒနယ်အမှတ်(၄) | | | ၁၆၃၅၀ | ၃၅၉၄ | ၁၉၉၄၄ | |
| | | ဦးဇော်မင်းသန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၀၈၀ | ၃၁၄၅ | ၁၁၂၂၅ | ၅၆.၂၈% |
| | | ဦးရွှေထွန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၂၇၀ | ၄၄၉ | ၈၇၁၉ | ၄၃.၇၂% |
| | မကွေးတိုင်းဒေသကြီး | | | | | | |
| ၁၀ | မဲဆန္ဒနယ်အမှတ်(၁) | | | ၄၆၆၀၆ | ၅၂၇၈ | ၅၁၈၈၄ | |
| | | ဦးအောင်လှထွေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၀၀၁၅ | ၃၇၁၇ | ၂၃၇၃၂ | ၄၅.၇၄% |
| | | ဦးစိန်လင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၁၂၂၉ | ၆၆၅ | ၁၁၈၉၄ | ၂၂.၉၂% |
| | | ဦးချမ်းမင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၉၈၄ | ၄၈၇ | ၈၄၇၁ | ၁၆.၃၃% |
| | | ဦးသဲမောင်မောင် | ပြည်သူ့ပါတီ | ၇၃၇၈ | ၄၀၉ | ၇၇၈၇ | ၁၅.၀၁% |
| | မန္တလေးတိုင်းဒေသကြီး | | | | | | |
| ၁၁ | မဲဆန္ဒနယ်အမှတ်(၆) | | | ၅၀၅၈၉၀ | ၇၄၄၉၅ | ၅၈၀၃၈၅ | |
| | | ဦးတင်ဦးလွင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၄၅၂၂၁ | ၅၈၇၈၈ | ၃၀၄၀၀၉ | ၅၂.၃၈% |
| | | ဦးမျိုးချစ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၄၂၀၉ | ၄၅၀၅ | ၇၈၇၁၄ | ၁၃.၅၆% |
| | | ဒေါ်သဲအိမိုး | ပြည်သူ့ပါတီ | ၄၈၂၂၈ | ၂၂၇၃ | ၅၀၅၀၁ | ၈.၇၀% |
| | | ဒေါ်ခင်နှင်းသစ် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၉၅၁၉ | ၃၂၁၈ | ၄၂၇၃၇ | ၇.၃၆% |
| | | ဦးသိန်းထိုက်အောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၀၂၄၁ | ၂၄၂၇ | ၄၂၆၆၈ | ၇.၃၅% |
| | | ဦးကိုကြီး | လူမှုစီးပွားမြင့်တင်ရေးပါတီ | ၂၉၆၈၃ | ၁၆၂၇ | ၃၁၃၁၀ | ၅.၄၀% |
| | | ဒေါက်တာစိုင်းကျော်အုန်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၈၇၈၉ | ၁၆၅၇ | ၃၀၄၄၆ | ၅.၂၅% |
| | မွန်ပြည်နယ် | | | | | | |
| ၁၂ | မဲဆန္ဒနယ်အမှတ်(၂) | | | ၁၀၁၈၉၀ | ၁၀၀၂၈ | ၁၁၁၉၁၈ | |
| | | ဦးကျော်ကျော်လင်း(ခ)<br>ဦးထိန်လင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၅၃၂၈ | ၈၂၀၆ | ၄၃၅၃၄ | ၃၈.၉၀% |
| | | မင်းကျော်ခိုင်ဝင်း | မွန်ညီညွတ်ရေးပါတီ | ၂၉၂၈၀ | ၇၆၄ | ၃၀၀၄၄ | ၂၆.၈၅% |
| | | ဒေါ်ခိုင်ခိုင် | ပြည်သူ့ပါတီ | ၉၄၀၉ | ၂၄၃ | ၉၆၅၂ | ၈.၆၂% |
| | | ဦးကျော်ဇင်သန့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၈၅၄ | ၃၀၆ | ၉၁၆၀ | ၈.၁၈% |
| | | ဦးသိန်းအေး | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၈၇၀၁ | ၂၂၆ | ၈၉၂၇ | ၇.၉၈% |

စာမျက်နှာ ၉ သို့ ➡

➡ စာမျက်နှာ ၈ မှအဆက်

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | | ဦးအောင်မျိုးသူရ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၈၉၅ | ၂၁၇ | ၆၁၁၂ | ၅.၄၆% |
| | | ဦးပြည့်ပိုင်စိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၄၂၃ | ၆၆ | ၄၄၈၉ | ၄.၀၁% |
| ၁၃ | မဲဆန္ဒနယ်အမှတ်(၄) | | | ၄၈၆၄၉ | ၂၉၇၉ | ၅၁၆၂၈ | |
| | | နိုင်အမ်ချမ်းမွန် (ခ) မင်းစိုးခိုင် | မွန်ညီညွတ်ရေးပါတီ | ၁၉၉၀၂ | ၆၉၃ | ၂၀၆၀၅ | ၃၉.၉၁% |
| | | ဦးတင်ကိုကို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၇၂၄၈ | ၂၀၂ | ၁၇၄၅၀ | ၃၃.၈၂% |
| | | ဒေါ်စုထွေးလတ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၈၆၈ | ၈၇ | ၃၉၅၅ | ၇.၆၆% |
| | | ဒေါ်သီတာဝင်း | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၃၆၃၃ | ၈၈ | ၃၇၂၁ | ၇.၂၁% |
| | | ဦးဇော်မင်းမိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၀၆၉ | ၂၉ | ၂၀၉၈ | ၄.၀၆% |
| | | ဒေါ်ဇင်မာအေး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၉၁၉ | ၆၁ | ၁၉၈၀ | ၃.၈၄% |

# ကာယပညာနှင့် အားကစားအခြေခံနည်းပြသင်တန်းအမှတ်စဉ် (၂၃) ဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၈**

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန ကာယပညာနှင့်အားကစားအခြေခံနည်းပြ သင်တန်းအမှတ်စဉ်(၂၃)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် လယ်ဝေးအားကစားလေ့ကျင့်ရေးစခန်း၌ကျင်းပသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ကာယပညာနှင့် အားကစားအခြေခံနည်းပြသင်တန်းအမှတ်စဉ်(၁)ကို ၁၉၈၅ ခုနှစ်တွင်စတင်၍ ဖွင့်လှစ်ခဲ့သည်ဟုသိရှိရပြီး အမှတ်စဉ်(၂၂)အထိ ကာယပညာဆရာ၊ ဆရာမ ၉၀၂၄ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်အနေဖြင့် ကျောင်းသား၊ ကျောင်းသူများအား စိတ်ဓာတ်ကောင်းမွန်မှု၊ စည်းလုံးညီညွတ်မှုနှင့်ပြည့်စုံပြီး ကျန်းမာကြံ့ခိုင်သည့် နိုင်ငံ့သားကောင်းများ ပေါ်ထွန်းလာရေး၊ KG+12 ပညာရေးစနစ်ကို စနစ်တကျ အထောက်အကူဖြစ်စေရေးနှင့် အခြေခံပညာကျောင်းများတွင်လစ်လပ်နေသည့် ကာယပညာ ဆရာ၊ ဆရာမများ ဖြည့်ဆည်းခန့်ထားနိုင်ရေးတို့အတွက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း။

သင်တန်းသား၊ သင်တန်းသူများအနေဖြင့် မိမိတာဝန်ကျမည့် အခြေခံပညာကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံတော်၏ အနာဂတ်ကို လက်ဆင့်ကမ်းတာဝန်ယူကြမည့် ကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ ထူးချွန်ထက်မြက်၍ ကျန်းမာကြံ့ခိုင်သော နိုင်ငံ့သားကောင်းများ ပေါ်ထွက်လာစေရန် သင်ကြားလေ့ကျင့်ပေးနိုင်သည့် ကာယပညာ ဆရာ၊ ဆရာမများ ဖြစ်လာစေရန် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စားသောက်ဆောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါ ကာယပညာနှင့် အားကစားအခြေခံနည်းပြသင်တန်းအမှတ်စဉ်(၂၃)ကို ဇန်နဝါရီလ ၅ ရက်မှ ဖေဖော်ဝါရီလ ၁၃ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား၂၁၂ ဦး၊ သင်တန်းသူ ၁၈၈ ဦး စုစုပေါင်း ၄၀၀ ဦးဖြင့် ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်းသိရသည်။ မြဝတီ

# စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၈**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ်သို့သွားရောက်ပြီး သစ်ဆိမ့်ပင်ကျေးရွာအုပ်စု ဧက ၂၀၀ စိုက်ပျိုးရေးရှင်းလင်းဆောင်အနီး ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် နေပြည်တော် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်တံမြောင်း အမှတ်(၁၁)ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက လုပ်ငန်းများကိုသတ်မှတ်အရည်အသွေးပြည့်မီစေရေး၊ မြောင်းပေါင်များ ရေရှည်ကြံ့ခိုင်မှုရှိစေရေး၊ သတ်မှတ်ကာလအတွင်းပြီးစီးရေး၊ လက်တံမြောင်းတစ်လျှောက် ရေလေလွင့်မှုမရှိစေရန်နှင့် ရေကူဒေသရှိစိုက်ပျိုးမြေများသို့ ဆည်ရေအပြည့်အဝပေးဝေနိုင်ရေး၊ သီးနှံစိုက်ပျိုးချိန်များတွင် ရေပေးဝေမှုအဟန့်အတားမဖြစ်စေရန်နှင့် စိုက်ပျိုးရေကို စိုက်ဧကများတိုးချဲ့ပေးနိုင်ရေးတို့ကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ခရမ်းကိုင်းကျေးရွာအုပ်စု ဧက ၂၀၀ စိုက်ပျိုးရေးရှင်းလင်းဆောင်၌ မြေနမူနာစစ်ဆေးရန်မြေနမူနာကောက်ယူသရုပ်ပြခြင်းနှင့်တောင်သူတွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက စိုက်ပျိုးရေးကဏ္ဍတွင် သီးနှံများအောင်မြင်ဖြစ်ထွန်းရန် မျိုး၊ မြေ၊ ရေ၊ နည်း မှန်ကန်စွာ အသုံးပြုရန်နှင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများက ပူးပေါင်းပါဝင်မှုနည်းစနစ်များကို စနစ်တကျလိုက်ပါဆောင်ရွက်မှုသည်လည်း အလွန်အရေးကြီးကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်စက်မှုလယ်ယာဦးစီးဌာနတို့မှ တာဝန်ရှိသူများက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆောင်းသီးနှံအပြည့်အဝစိုက်ပျိုးနိုင်ရေး အစီအမံများကို ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင်များက ပိုက်ဆန်လျှော် (သစ်စိမ်းမြေဩဇာ)များကို တောင်သူများထံ ထောက်ပံ့ပေးအပ်ကြပြီး မြေနမူနာစစ်ဆေးခြင်းနှင့် မြေနမူနာကောက်ယူသရုပ်ပြခြင်းကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **အောင်သူရဦး(ဒက္ခိဏ)**

## မြင့်မြတ်ထင်ပေါ် တပ်မတော်

★ အရေးကြီးလာ၊ ချိန်အခါတိုင်း
ပြည့်တာဝန်ရေး၊ သမိုင်းပေးကို
မနေးထမ်းရွက်၊ သက်စွန့်လျက်တည့်
ခက်ခဲပင်ပန်း၊ ခရီးကြမ်းစေ
စွမ်းရည်သတ္တိ၊ အားမာန်ပြည့်သည့်
ပီတိပွဲကျော် တပ်မတော်။

★ သစ္စာလေးချက်၊ ဦးထိပ်ရွက်၍
ထက်မြက်စိတ်ထား၊ နှလုံးသားဖြင့်
လေးစားပြည်သူ၊ ညီတူကိုယ်စိတ်
မျိုးရိုးဟိတ်ဖြင့်၊ အရိပ်ပမာ
မခွာထက်ကြပ်၊ ဖေးကူတတ်သည့်
မြင့်မြတ်ထင်ပေါ် တပ်မတော်။

★ တပ်မတော်ကား၊ ပြည့်အင်အားမို့
စွမ်းအားခိုင်ကျည်၊ ဖွဲ့စည်းတည်၍
တိုင်းပြည်ရန်စွယ်၊ အသွယ်သွယ်ကို
ကာကွယ်ရှင်းထုတ်၊ အမြစ်ပြုတ်အောင်
နောက်ဆုတ်မတွန့်၊ ရဲရဲဝံ့လျက်
စွန့်စွန့်စားစား၊ ထမ်းရွက်သွားမည်
ပြည်သားနောင်ညီ မြဲချစ်ကြည်။

★ တပ်မတော်ကား၊ ပြည်သူဖွားမို့
ကွဲပြားမရှိ၊ သစ္စာသိလျက်
စွဲထိခံယူ၊ မျိုးချစ်မှုဖြင့်
ညီတူမခွဲ၊ တစ်သွေးတည်းလျှင်
လက်တွဲခေါ်မည်၊ ပန်းတိုင်ဆီသို့
သွေဖည်မှုများ၊ မှုမထားဘဲ
အားလုံးအတွက်၊ ထမ်းဆောင်ရွက်မည်
ရှင်လျက်မဆိုင်း ညီပေနော်။
စဉ်ဆက်သမိုင်း တည်စေသော်။ ။

**ညွန့်ဝင်း(နတ်တလင်း)**

# သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ နှင့် ဆုချီးမြှင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တက်ရောက်



နေပြည်တော် ဇန်နဝါရီ ၈

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့်ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့ညနေပိုင်းက နေပြည်တော်ရှိ တက္ကသိုလ်များနယ်မြေ (ရေဆင်း) သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက မြန်မာနိုင်ငံတွင် မတူညီသော သဘာဝသစ်တောသစ်ပင်များ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ ဂေဟစနစ်များနှင့် သစ်တောမျိုးစုံရှင်သန်ပေါက်ရောက်နေပြီး နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီးပွားရေးတို့တွင် အရေးကြီးသောကဏ္ဍမှ ပါဝင်နေသည့်အတွက် ရေရှည်တည်တံ့အောင်ထိန်းသိမ်းရန်လိုအပ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသောဆောင်ပုဒ် ၃ ခုတွင်လည်း “နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့” ဆိုသည့်အချက်ကလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအား အထူးအလေးအနက်ထားမှုကို မီးမောင်းထိုးဖော်ပြထားကြောင်း။

သစ်တောပညာရှင်များ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ တက္ကသိုလ်အဆင့် သစ်တောပညာသင်ကြားမှုကို ၁၉၂၃ ခုနှစ်တွင် စတင်ခဲ့ရာ ၂၀၂၃ ခုနှစ်တွင် နှစ် ၁၀၀ ပြည့်ခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စွမ်းဆောင်ရည်ပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်သည် မရှိမဖြစ်လိုအပ်ကြောင်း၊ အလားတူ လူတစ်ဦးချင်း တိုးတက်အောင်မြင်ရန်နှင့် လူ့အဖွဲ့အစည်းတိုးတက်အောင်မြင်ရန်အတွက် စည်းကမ်းသည် အခြေခံတစ်ခုဖြစ်သည်နှင့်အညီ မောင်တို့မယ်တို့အနေဖြင့်လည်း စည်းကမ်းကောင်းမွန်ပြီး ထူးချွန်သည့်ကျောင်းသား၊ ကျောင်းသူများဖြစ်အောင် ကျင့်ကြံကြိုးစားသွားရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆန်းဦးတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားပြီး မောင်မယ်သစ်လွင်ကျောင်းသား၊ ကျောင်းသူများကိုယ်စား ပထမနှစ် ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအစီအစဉ်အား ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ပထမနှစ်မှ ပဉ္စမနှစ်အထိ ပညာရည်ထူးချွန်ပထမဆုရကျောင်းသား၊ ကျောင်းသူများကိုလည်းကောင်း၊ ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့က ဒုတိယဆုနှင့် တတိယဆုရ ကျောင်းသား၊ ကျောင်းသူများကိုလည်းကောင်း ထူးချွန်ဆုများချီးမြှင့်ပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူများ၏ အဆို၊ အက၊ တေးသရုပ်ဖော်တို့ဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# ၂၀၂၆ ခုနှစ် (၇၄)နှစ်မြောက် ကယားပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန “လွိုင်ကော်စာပေ” စာအုပ်ဆိုင်ဖွင့်ပွဲကျင်းပ

**လွိုင်ကော် ဇန်နဝါရီ ၈**

၂၀၂၆ ခုနှစ် (၇၄)နှစ်မြောက် ကယားပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန “လွိုင်ကော်စာပေ” စာအုပ်ဆိုင်ဖွင့်ပွဲကိုယနေ့နံနက်ပိုင်းတွင် ဒေါဥခူရပ်ကွက် အမှတ် (၄) လမ်းရှိပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးအဆောက်အအုံရှေ့၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က “လွိုင်ကော်စာပေ စာအုပ်ဆိုင်ကို လွိုင်ကော်မြို့နှင့် ပတ်ဝန်းကျင်ဒေသရှိ လူငယ်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် စာပေချစ်မြတ်နိုးသူများအတွက် အသိပညာရှာဖွေရန် အားကိုးရာနေရာတစ်ခုဖြစ်လာစေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ လွိုင်ကော်မြို့ရှိ စာပေကိုချစ်မြတ်နိုးသူအားလုံးက လွိုင်ကော်စာပေ စာအုပ်ဆိုင် စဉ်ဆက်မပြတ်ရှင်သန်ဖွံ့ဖြိုးအောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း” ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးက စာအုပ်ဆိုင်ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ ကျေးဇူးတင်စကားပြောကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဖွင့်ပွဲတွင် ဖျော်ဖြေခဲ့ကြသည့် ပညာရေးဒီဂရီကောလိပ်တင်ဆရာအဖွဲ့နှင့်ပန်းဖွားအကအဖွဲ့တို့အား ချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် “လွိုင်ကော်စာပေ” စာအုပ်ဆိုင်ကို ပြည်နယ်ဝန်ကြီးချုပ်၊ နယ်မြေခံတပ်မှ တာဝန်ရှိသူနှင့် လူမှုရေးရာဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး “လွိုင်ကော်စာပေ” စာအုပ်ဆိုင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသစ်ကို လှည့်လည်ကြည့်ရှုကြကာ တက်ရောက်လာသော ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဧည့်သည်တော်များက စာအုပ်အရောင်းဆိုင်ရှိ ခင်းကျင်းထားသည့်စာအုပ်များကို ကြည့်ရှုဝယ်ယူအားပေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ (Youth Peace Forum 2026) သို့ ရခိုင်ပြည်နယ်ကိုယ်စားပြုတက်ရောက် ကြမည့် လူငယ်ကိုယ်စားလှယ်များဆွေးနွေးတင်ပြခြင်းအခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တက်ရောက်

စစ်တွေ ဇန်နဝါရီ ၈

လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ (Youth Peace Forum 2026) သို့ ရခိုင်ပြည်နယ်ကိုယ်စားပြုတက်ရောက်ကြမည့် လူငယ်ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်အခမ်းအနားသို့တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုကြပြီး ရခိုင်ပြည်နယ်ကိုယ်စားပြုလူငယ်ကိုယ်စားလှယ်များက “ လေးဝတီ” သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။




ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ယခုကျင်းပမည့် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ (Youth Peace Forum 2026) ကိုငြိမ်းချမ်းရေးနှင့် လူမှုအသိုက်အဝန်းတည်ငြိမ်ရေးတွင် အားလုံးပါဝင်သော လူငယ်များ၏ ဆောင်ရွက်ချက်များမှာ အရေးကြီးသည်ကို ပေါ်လွင်စေရန်၊ အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးအတွက် လူငယ်မူဝါဒဆိုင်ရာ စာတမ်းတစ်ရပ်((Youth Policy Paper) ကို ရေးဆွဲတင်ပြရန် စသောရည်ရွယ်ချက်များဖြင့် ကျင်းပပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ (Youth Peace Forum 2026) သို့ ရခိုင်ပြည်နယ်ကိုယ်စားပြု တက်ရောက်ကြမည့်လူငယ်ကိုယ်စားလှယ်များအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ ပြည်နယ်လူမှုရေးရာဝန်ကြီးက လက်ခံရယူပြီး လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ (Youth Peace Forum 2026) သို့ ရခိုင်ပြည်နယ်ကိုယ်စားပြုတက်ရောက်ကြမည့် လူငယ်ကိုယ်စားလှယ်အဖွဲ့နှင့်ပတ်သက်၍ စီမံဆောင်ရွက်ထားရှိမှုအခြေအနေအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လူငယ်ငြိမ်းချမ်းရေးဖိုရမ်- ၂၀၂၆ သို့ ရခိုင်ပြည်နယ်ကိုယ်စားပြုတက်ရောက်ကြမည့်လူငယ်ကိုယ်စားလှယ်များက သက်ဆိုင်ရာခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ တက်ရောက်လာကြသော လူငယ်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ရခိုင်ပြည်နယ်ကိုယ်စားပြုလူငယ်ကိုယ်စားလှယ်များက painting for Peace အတွေးနှင့်ပတ်သက်၍ ရေးဆွဲထားသည့် ပန်းချီပုံများနှင့်ရခိုင်ပြည်နယ်ကိုယ်စားပြုလူငယ်ကိုယ်စားလှယ်များ၏ လှုပ်ရှားမှုဗီဒီယိုမှတ်တမ်းအား ပြသကာ လူငယ်ကိုယ်စားလှယ်များက “ရခိုင်တို့မြေလာခဲ့လေ” တေးသီချင်းဖြင့် ကပြဖျော်ဖြေကြရာ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးက ကပြဖျော်ဖြေပေးသည့် လူငယ်ကိုယ်စားလှယ်အဖွဲ့ကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသည့်လူငယ်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

တင်ထွန်း (ပြန်/ဆက်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

နေပြည်တော် ဇန်နဝါရီ ၈

၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယအတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေတို့ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံသို့ အာရပ်စော်ဘွားများပြည်ထောင်စု နိုင်ငံ သမ္မတ ရှိတ် မိုဟာမက် ဘင် ဇာရိဒ် အယ်လ် နာရမ်ထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကျန်းမာပျော်ရွှင်ပါစေကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ရင်းနှီးခင်မင်ဖွယ်ကောင်းသည့် မြန်မာပြည်သူများ ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံသို့ အာရပ်စော်ဘွားများပြည်ထောင်စု နိုင်ငံ ဒုတိယသမ္မတနှင့်ဝန်ကြီးချုပ် ဒူဘိုင်းအုပ်ချုပ်သူ ရှိတ် မိုဟာမက် ဘင် ရာရှစ် အယ်လ် မက်တွမ်ထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကျန်းမာပျော်ရွှင်ပါစေကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့်ရင်းနှီးခင်မင်ဖွယ်ကောင်းသည့် မြန်မာပြည်သူများပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံသို့ အာရပ်စော်ဘွားများပြည်ထောင်စု နိုင်ငံ ဒုတိယသမ္မတ ဒုတိယဝန်ကြီးချုပ်နှင့် သမ္မတခုံရုံးဥက္ကဋ္ဌ ရှိတ် မန်ဆော ဘင် ဇာရိဒ် အယ်လ် နာရမ်ထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကျန်းမာပျော်ရွှင်ပါစေကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ရင်းနှီးခင်မင်ဖွယ်ကောင်းသည့် မြန်မာပြည်သူများ ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောထံသို့ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ ဒုတိယသမ္မတနှင့်ဝန်ကြီးချုပ် ဒူဘိုင်းအုပ်ချုပ်သူ ရှိတ် မိုဟာမက် ဘင် ရာရှစ် အယ်လ် မက်တွမ်ထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကျန်းမာပျော်ရွှင်ပါစေကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ရင်းနှီးခင်မင်ဖွယ်ကောင်းသည့် မြန်မာပြည်သူများ ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောထံသို့ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ ဒုတိယသမ္မတ ဒုတိယဝန်ကြီးချုပ်နှင့် သမ္မတခုံရုံးဥက္ကဋ္ဌ ရှိတ် မန်ဆော ဘင် ဇာရိဒ် အယ်လ် နာရမ်ထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကျန်းမာပျော်ရွှင်ပါစေကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ရင်းနှီးခင်မင်ဖွယ်ကောင်းသည့် မြန်မာပြည်သူများ ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဦးညိုစောထံသို့ ပါကစ္စတန်ဝန်ကြီးချုပ် မစ္စတာ မိုဟာမက် ရှီဘာက် ရှာရစ်ဖ်ထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပါကစ္စတန်နိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း ရင်းနှီးနွေးထွေးစွာ ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

ယခုအထိမ်းအမှတ်နေ့သည် မြန်မာနိုင်ငံပြည်သူများ၏ ကိုယ်ပိုင်ဆုံးဖြတ်နိုင်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် သာယာဝပြောမှုဆီသို့ ဦးတည်ဖော်ဆောင်ခဲ့ကြသည့် ထင်ရှားသော ဂုဏ်ယူဖွယ်ရာ သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပါသည်။

ပါကစ္စတန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အစဉ်အလာအားဖြင့် ကောင်းမွန်ခိုင်မာသည့် ဆက်ဆံရေးကို ထိန်းသိမ်းထားကြပါသည်။ အဆွေတော်၏အမြော်အမြင်ရှိသည့် ခေါင်းဆောင်မှုအောက်တွင် မိမိတို့နှစ်နိုင်ငံချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုတို့သည် ဆက်လက်တိုးတက်ကောင်းမွန်မည်ဖြစ်ပြီး၊ နှစ်နိုင်ငံအပြန်အလှန် အကျိုးဖြစ်ထွန်းသည့် ပူးပေါင်းဆောင်ရွက်မှုနှင့်မိတ်ဖက်ပြုမှုလမ်းကြောင်းသစ်များကို ဖွင့်လှစ်ပေးစေမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

အခွင့်ကြုံခိုက် အဆွေတော် ကျန်းမာရေးကောင်းမွန်ပြီး အောင်မြင်မှုများ ဆက်လက်ရရှိပါစေကြောင်းနှင့် ရင်းနှီးဖော်ရွေသည့် မြန်မာနိုင်ငံပြည်သူများ ငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံသို့ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ရှိတ် အဗ္ဗဒူလာ ဘင် ဇာရိဒ် အယ်လ် နာရမ်ထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကျန်းမာပျော်ရွှင်ပါစေကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ရင်းနှီးခင်မင်ဖွယ်ကောင်းသည့် မြန်မာပြည်သူများ ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲများပြုလုပ်၊ မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေး



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွန်း ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်စဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွန်း မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇန်နဝါရီ ၈

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲများကို ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌လည်းကောင်း၊ မောက်မယ်မြို့နှင့်ကွန်ဟိန်းမြို့တို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမများ၌လည်းကောင်း ပြုလုပ်ကြရာ သက်ဆိုင်ရာတိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးစဉ်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အေးမင်းဦး မဲရုံများကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးစဉ်။

ဦးစွာ တိုင်းမှူးများက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့်ပတ်သက်၍ အမှာစကားများအသီးသီးပြောကြားကြသည်၊ ထို့နောက် ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကိုဆွေးနွေးတင်ပြရာ တိုင်းမှူးများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်နေသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့ရှိ မြို့နယ်ခန်းမ၊ ခိုယောင်းကျေးရွာရှိ မဲရုံ၊ နောင်လုံကျေးရွာရှိ မဲရုံနှင့် လုံပုန်းကျေးရွာအုပ်စုရှိအမှတ်(၂)မဲရုံများအားလည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဆီဆိုင်မြို့နယ်၊ မြကန်သာရပ်ကွက်ရှိအခြေခံပညာအထက်တန်းကျောင်း မဲရုံနှင့် ဘန်းယဉ်မြို့၊ မင်္ဂလာရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း မဲရုံများအားလည်းကောင်း၊ မောက်မယ်မြို့နယ်နှင့် ကွန်ဟိန်းမြို့နယ်များအတွင်း မဲရုံနေရာများအားလည်းကောင်း သက်ဆိုင်ရာတိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ မဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များထိန်းသိမ်းထားရှိမှု၊ ဆန္ဒမဲပေးခြင်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ကြိုတင်မဲပေးမှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(ဝဝဝ)

## ထူးခြားသည့်ညအပူချိန်များ

၈-၁-၂၀၂၆

| | | | | |
|---|---|---|---|---|
| ဟားခါး | ဝ | ဒသမ | ဝ | ဒီဂရီဆဲလ်စီးယက် |
| ဟဲဟိုး | ၂ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| နမ့်စန် | ၃ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| (ရှမ်းပြည်နယ်တောင်ပိုင်း) | | | | |
| လွိုင်လင် | ၃ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| ပူတာအို | ၃ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| တီးတိန် | ၄ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |

# တန့်ယန်းမြို့နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ်အတွင်းရှိပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တန့်ယန်းမြို့ရှိနယ်မြေခံတပ်နယ်ခန်းမ၌ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အေးမင်းဦး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများပေးအပ်စဉ်။

(ဝဝဝ)

# နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့

ဒေါက်တာခင်နန္ဒာစိုး(လောင်းလုံး)

သဘာဝပတ်ဝန်းကျင် သာယာလှပရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးသည် လူသားတစ်ရပ်လုံးအတွက် အဓိက အရေးပါလှပေသည်။ ကျွန်ုပ်တို့အနေဖြင့် ယင်းလူသားအတွက် အရေးပါလှသော သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ကာကွယ်မှုပြုလုပ်ခြင်းဖြင့် ကောင်းမွန်သောအနာဂတ်ကို မျှော်မှန်းကြရမည်ဖြစ်သည်။ သဘာဝတရားသည် လူမှုတိုးတက်မှုအတွက် အဓိကအရေးပါလှပေသည်။ ယင်းသဘာဝတရား၏ သန့်ရှင်းမှုဂုဏ်ရည်နှင့် အံ့မခန်းဖြစ်မှုတို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ကျွန်ုပ်တို့အတွက်ဦးစားပေးရမည့် အကြီးမားဆုံးသော လုပ်ငန်းစဉ်တစ်ရပ်ပင်ဖြစ်သည်။

သက်ရှည်ကျန်းမာပျော်ရွှင်သော ကမ္ဘာမြေတစ်ခုတည်ထောင်နိုင်ရန်အတွက် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုသည် အဓိကဟုဆိုရပေလိမ့်မည်။ လူသားတိုင်းသည် ပတ်ဝန်းကျင်နှင့်ကင်းကွာ၍ နေထိုင်နိုင်ခြင်းမရှိပါ။ ထို့ကြောင့် မိမိတို့နေထိုင်ရာပတ်ဝန်းကျင်ကို စိုပြည်သာယာသည်ထက် ပို၍ သာယာစိုပြည်လာအောင် ကြိုးပမ်းလုပ်ဆောင်ခြင်းသည် မိမိတို့၏ လူနေမှုပတ်ဝန်းကျင်ကို မြင့်မားစေသည်။ ယခုခေတ်ကာလတွင်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှုများက ကျွန်ုပ်တို့ ကမ္ဘာမြေကြီး စိမ်းလန်းစိုပြည်စေရန် အတွက် စနစ်တကျစိုက်ပျိုးခြင်းလည်း ဖြစ်သည်။

ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာမြေကြီးသည် လွန်ခဲ့သောနှစ်သန်းပေါင်းလေးထောင်ခန့်မှစ၍ ဖြစ်တည်လာခဲ့သည်။ ကမ္ဘာ့ပတ်ဝန်းကျင်တွင်ရှိသော တော၊ တောင်၊ ရေ၊ မြေများသည် သဘာဝအတိုင်း ပေါက်ရောက်နေသည်။ ထို တော၊ တောင်၊ ရေ၊ မြေများကိုအမှီပြု၍ သက်ရှိသတ္တဝါများ ရှင်သန်နေထိုင်ကြသည်။ သက်ရှိဂြိုဟ်ဟုတင်စားခေါ်ဝေါ်သော ကမ္ဘာကြီးသည် သက်ရှိသတ္တဝါများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် နိဗ္ဗာန်ဘုံကြီးပင်ဖြစ်သည်။ ထိုသို့ သက်ရှိများရှင်သန်နေထိုင်ရေးအတွက် ရေ၊ လေ၊ မြေ၊ သဘာဝဓာတ်ငွေ့၊ သစ်တော၊ သဘာဝသယံဇာတပစ္စည်းများအား ပေးစွမ်းကာ ယင်းသယံဇာတများမှ ထုတ်လုပ်လိုက်သည့် စွန့်ပစ်ပစ္စည်းများကို ကမ္ဘာမြေကြီးက စုပ်ယူလက်ခံသည်။

**ကမ္ဘာမြေကြီးမှ ထုတ်လုပ်ပေးသော သယံဇာတများကိုအသုံးပြုပြီး လူသားများကျန်းမာစွာနေထိုင်နိုင်ရန် လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုများ ဆောင်ရွက်နိုင်ခြင်းဖြင့် သက်ရှိများ သက်ရှင်နေထိုင်နိုင်ရန် အကျိုးကျေးဇူးများရရှိလျက်ရှိသည်။ ထို့ပြင် လူသားများနေ့စဉ်အသုံးပြုပြီး ထွက်ရှိလာသည့် ဓာတ်ငွေ့များ၊ အမှိုက်များ၊ စွန့်ပစ်ပစ္စည်းများ၊ အညစ်အကြေးများကို စွန့်ပစ်လျက်ရှိသည်။ ကမ္ဘာမြေကြီးက လက်ခံစုပ်ယူပေးနေခြင်းကြောင့် လူသားများသည် ဤကမ္ဘာမြေကြီးပေါ်တွင် ကျန်းမာသန့်ရှင်းစွာနေထိုင်နေရခြင်းပင်ဖြစ်သည်။**

ယခုအခါ မြန်မာနိုင်ငံတွင် အပူချိန်မြင့်မားလာခြင်း၊ လေထုညစ်ညမ်းလာခြင်း၊ ရေကြီးရေလျှံမှုများ မကြာခဏဖြစ်ပေါ်လာခြင်း၊ မုန်တိုင်းဒဏ်၊ ငလျင်ဒဏ် ခံစားလာရခြင်းတို့အပါအဝင် ဆိုးဝါးလှသည့် သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့ရသည့် အဓိကအကြောင်းရင်းများသည် နိုင်ငံအတွင်းနေ နိုင်ငံသားများသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရာတွင် သိထားသင့်သည့် ရှောင်နည်း၊ ဆောင်နည်းနှင့်သစ်ပင်အပါအဝင် ဂေဟစနစ်ချိတ်ဆက်နေသော သဘာဝတရားအား ချစ်ခင်မြတ်နိုးတန်ဖိုးထားတတ်သည့် စိတ်ဓာတ်များ လျော့နည်းပပျောက်လာခြင်းပင်ဖြစ်သည်။

လူသားတို့၏အတ္တ၊ လောဘတရားများ များပြားလာမှုကြောင့် သဘာဝတရားကြီး အားပျက်စီးစေကာ အကျိုးဆက်အနေဖြင့် သဘာဝဘေးအန္တရာယ်၏ဒဏ်ခတ်ခြင်းကို လူသားတို့ပင် တစ်ဖန်ပြန်လည်ခံစားရသည်။ လူသားတို့၏လုပ်ဆောင်ချက်များသည်သဘာဝပတ်ဝန်းကျင်ကိုသိသိသာသာ သက်ရောက်မှုရှိစေသည်။ စက်မှုထွန်းကားလာမှုနှင့် သစ်တောပြုန်းတီးမှုသည် နေထိုင်ရာနေရာများပျက်စီးခြင်း၊ လေထုညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့ကို ဖြစ်ပေါ်စေသည်။ ဤလုပ်ဆောင်မှုများသည် ဇီဝမျိုးစုံမျိုးကွဲများလျော့ပါးစေခြင်း၊ ရေသန့်စင်ခြင်း၊ မြေဆီသြဇာနှင့် ရာသီဥတု ထိန်းညှိခြင်းကဲ့သို့သော ဂေဟစနစ်ဝန်ဆောင်မှုများကို ပြောင်းလဲစေသည်။ ဓာတ်ငွေ့ထုတ်လွှတ်မှုတွန်းအားပေးသည့် ရာသီဥတုပြောင်းလဲမှုသည် အပူချိန်မြင့်တက်လာခြင်း၊ ရာသီဥတုပုံစံများ ပြောင်းလဲခြင်းနှင့်မကြာခဏပြင်းထန်သော ရာသီဥတုဖြစ်စဉ်များကိုဖြစ်ပေါ်စေသည်။ ၎င်းသည် တောရိုင်းတိရစ္ဆာန်များကို ခြိမ်းခြောက်ရုံသာမက စိုက်ပျိုးရေးကို အနှောင့်အယှက်ပေးခြင်း၊ သဘာဝဘေးအန္တရာယ်အကြိမ်ရေတိုးခြင်းနှင့် ရေအရင်းအမြစ်များ လျော့နည်းလာခြင်းတို့ကြောင့် လူ့အသိုင်းအဝိုင်းကို ထိခိုက်စေသည်။ အဆိုပါစိန်ခေါ်မှုများကိုဖြေရှင်းရန် ဘက်စုံချဉ်းကပ်မှုလိုအပ်သည်။ စိုက်ပျိုးရေး၊ သစ်တောနှင့်ငါးဖမ်းလုပ်ငန်းများတွင် ရေရှည်တည်တံ့သော အလေ့အကျင့်များသည် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျှော့ချရန်နှင့် ဂေဟစနစ်ကျန်းမာရေးကို ထိန်းသိမ်းရန်အရေးကြီးသည်။ ထို့ပြင် ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးသည်လည်း ရာသီဥတုပြောင်းလဲမှုကို လျှော့ချပေးနိုင်သည်။

**လူအများနှင့်သဘာဝပတ်ဝန်းကျင်အကြား ချိတ်ဆက်မှုကို မြှင့်တင်ပေးခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကိုလုပ်ဆောင်နိုင်သည်။ လူထုအသိပညာပေးဟောပြောပွဲများ၊ စာသင်ကျောင်းများတွင် ဂေဟစနစ်များ၏ တန်ဖိုးနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းခြင်း၏ အကျိုးဆက်များကို ထည့်သွင်းဖော်ပြခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းခြင်း၏ အကြောင်းရင်းများကို လူတစ်ဦးချင်းစီနှင့် လူ့အဖွဲ့အစည်းများက ပိုမိုသိရှိနားလည်လာကာ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ကြိုးပမ်းမှုများတွင် ပါဝင်လာမည်ဖြစ်သည်။ ရပ်ရွာသန့်ရှင်းမှုနှင့် ဒေသတွင်းထိန်းသိမ်းရေးအဖွဲ့များကဲ့သို့သော အခြေခံလူတန်းစားများ၏ အစပျိုးမှုများသည် ဒေသဆိုင်ရာပြဿနာများကိုဖြေရှင်းရန်နှင့် ရေရှည်တည်တံ့သော အလေ့အကျင့်များကို မြှင့်တင်ခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။** နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရာတွင် သစ်ပင်စိုက်ခြင်းသည် အရေးပါသော အခန်းကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်နေသည်။ "တစ်သက်လုံး စိတ်ချမ်းသာချင်လျှင် သစ်ပင်စိုက်ပါ" ဆိုသည့်စကားရပ်အတိုင်း သစ်ပင်သည် သက်ရှိတို့အတွက် မရှိမဖြစ်လိုအပ်ချက်ပင်ဖြစ်သည်။ သက်ရှိလူသားတို့အားလုံးသည် သစ်ပင်ပန်းမန်တို့နှင့် ကင်းကွာ၍မရချေ။ သစ်ပင်သစ်တောသည် သဘာဝပတ်ဝန်းကျင်ကိုစိမ်းလန်းစိုပြည်စေသည်၊ အေးမြရွှင်လန်းစေသည်၊ သစ်ပင်သစ်တောသည် ဝန်းကျင်ကိုစိမ်းလန်းစိုပြည်စေရုံသာမက လူသားတို့အတွက် ရှင်သန်တည်မြဲရေးကိုသာ ထိန်းသိမ်းစောင့်ရှောက်ပေးသည်။

လူသားနှင့်ပတ်ဝန်းကျင်သည် အပြန်အလှန်ဆက်စပ်လျက်ရှိနေသည်။ လူသားသည် သဘာဝမြေပေါ်တွင် အခြေချနေထိုင်ရသည်။ သဘာဝလေကိုရှူရှိုက်၍ သဘာဝရေကိုသောက်သုံးရသည်၊ လူသားနှင့်ပတ်ဝန်းကျင်သည် "ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ"ကဲ့သို့ အပြန်အလှန်ဆက်စပ်လျက်ရှိသည်။ ကမ္ဘာ့ပတ်ဝန်းကျင် ကောင်းမွန်နေလျှင် ကောင်းကျိုးများကိုခံစားရသကဲ့သို့ ပတ်ဝန်းကျင်ပျက်ပြားမည်ဆိုလျှင် ဆိုးကျိုးများကိုသာခံစားနေရမည်ဖြစ်သည်။ ယနေ့အခါတွင် လူသားတို့၏ လုပ်ဆောင်မှုများကြောင့် ကမ္ဘာမြေကြီး၏ ပတ်ဝန်းကျင်သည် ပြောင်းလဲမှုများဖြစ်ပေါ်လာသည်။ ကမ္ဘာ့ပတ်ဝန်းကျင်ပြဿနာများမှာသစ်တောများ ပြုန်းတီးခြင်း၊ မြေကြီးများ ပွန်းပဲ့တိုက်စားပျက်စီးခြင်း၊ မြို့ပြများတွင် ရေနှင့်လေညစ်ညမ်းခြင်း၊ ရောဂါဝေဒနာများဖြစ်ခြင်း၊ အက်စစ်မိုးများရွာသွန်းခြင်းနှင့် ကမ္ဘာ့လေထုပူနွေးခြင်း၊ တိရစ္ဆာန်မျိုးနွယ်များ သေကျေပျက်စီးခြင်းတို့မှာ ကမ္ဘာ့ပတ်ဝန်းကျင်ပြဿနာများပင်ဖြစ်သည်။

ထို့ကြောင့် သဘာဝပတ်ဝန်းကျင် သာယာစိမ်းလန်းစိုပြည်မှ ကမ္ဘာမြေကြီး သာယာလှပလာမည်။ ကမ္ဘာမြေကြီး သာယာလှပမှ ဤကမ္ဘာပေါ်တွင် မှီတင်းနေထိုင်ကြသည့် သက်ရှိသတ္တဝါများ ချမ်းသာသုခများခံစားရမည်။ ဤကမ္ဘာမြေပေါ် သဘာဝဘေးကင်းဝေးမှ လူသားတို့ဘဝ သာယာလှပလာမည်။ လူသားတို့ဘဝသာယာဝပြော၊ စီးပွားဖြစ်ထွန်းအောင်မြင်မှသာလျှင် နိုင်ငံတော်ကြီး သာယာလှပလာမည်ဖြစ်သည်။ သို့ပါသောကြောင့် **"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"**ဆိုသည့်အတိုင်း နိုင်ငံအတွင်းနေ နိုင်ငံသားတစ်ဦးချင်းစီမှ ကိုယ်ပိုင်အသိစိတ်ဓာတ်ဖြင့် သဘာဝပတ်ဝန်းကျင်ကိုမြတ်နိုးတန်ဖိုးထားကာ မိမိ၏ကိုယ်ကျိုးအတ္တကိုရှေ့တန်းမတင်ဘဲ ထိန်းသိမ်းစောင့်ရှောက်ကာကွယ်သွားကြပါစေလိုကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**✿ သဘာဝပတ်ဝန်းကျင်သာယာစိမ်းလန်းစိုပြည်မှ ကမ္ဘာမြေကြီး သာယာလှပလာမည်။ ကမ္ဘာမြေကြီးသာယာလှပမှ ဤကမ္ဘာပေါ်တွင် မှီတင်းနေထိုင်ကြသည့် သက်ရှိသတ္တဝါများ ချမ်းသာသုခများခံစားရမည်။ ဤကမ္ဘာမြေပေါ် သဘာဝဘေးကင်းဝေးမှ လူသားတို့ဘဝသာယာလှပလာမည်။ လူသားတို့ဘဝသာယာဝပြော၊ စီးပွားဖြစ်ထွန်းအောင်မြင်မှသာလျှင် နိုင်ငံတော်ကြီး သာယာလှပလာမည်ဖြစ်သည်။ သို့ပါသောကြောင့် "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့" ဆိုသည့်အတိုင်း နိုင်ငံအတွင်းနေ နိုင်ငံသားတစ်ဦးချင်းစီမှ ကိုယ်ပိုင်အသိစိတ်ဓာတ်ဖြင့် သဘာဝပတ်ဝန်းကျင်ကိုမြတ်နိုးတန်ဖိုးထားကာ မိမိ၏ကိုယ်ကျိုးအတ္တကိုရှေ့တန်းမတင်ဘဲ ထိန်းသိမ်းစောင့်ရှောက်ကာကွယ်သွားကြပါစေလိုကြောင်းတိုက်တွန်း . . .**



# စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဇန်နဝါရီ ၈

စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၃) ၌ ကျင်းပသည်။

ဦးစွာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် ပြည်တွင်းစားသုံးဆီစားသုံးမှု၊ သုံးစွဲမှု၊ ထုတ်လုပ်နိုင်မှုနှင့်တင်သွင်းရန်လိုအပ်မှုတို့ကိုအခြေခံပြီး ပြည်ပမှစားသုံးဆီတင်သွင်းရန်လိုအပ်ချက်ကို တွက်ချက်ကာ တင်သွင်းခွင့်ပြုလျက်ရှိကြောင်း၊ ဖြစ်သင့်ဖြစ်ထိုက်သည့် ရည်ညွှန်းဈေးနှုန်းဖြစ်စေရေးအတွက် စားသုံးဆီရည်ညွှန်းဈေးနှုန်းစိစစ်တွက်ချက်ရေးအဖွဲ့မှ သေချာစွာစိစစ်တွက်ချက်၍ အပတ်စဉ်ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ မလိုအပ်သောကုန်ကျစရိတ်များကိုလျှော့ချခြင်းနှင့် ပြည်ပ CIF ဈေးနှုန်းများ ပြန်လည်ကျဆင်းလာခြင်းတို့ကြောင့် စက်တင်ဘာလစတုတ္ထပတ်မှ ဒီဇင်ဘာလအထိ စားသုံးဆီ တစ်ပိဿာဈေးနှုန်းမှာ ငွေကျပ် ၅၆၀ ကျဆင်းလာခဲ့ကြောင်း၊ ဈေးကွက်ဖြန့်ဖြူးမှုအနေဖြင့်လည်း တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ခွဲဝေလျာထားသည့်ပမာဏအတိုင်း ရောက်ရှိနိုင်စေရန် တိုင်းဒေသကြီး စားအုန်းဆီဖြန့်ဖြူးမှုကြီးကြပ်ရေးကော်မတီများ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ ကုမ္ပဏီများနှင့် ညှိနှိုင်းပေးလျက်ရှိကြောင်း။

အချို့သောမြို့နယ်များတွင်ကော်မတီမှ သတ်မှတ်သည့်ဈေးနှုန်းထက် မြင့်တင်ရောင်းချလျက်ရှိသကဲ့သို့ အချို့မြို့နယ်များတွင် ခွဲတမ်းကို အပြည့်အဝရောင်းချမှုမရှိခြင်းတို့ကို ကြားသိရသည့်အတွက် သတ်မှတ်ကာလအတွင်း သက်ဆိုင်ရာဒေသသို့ သတ်မှတ်ဈေးနှုန်း၊ အရည်အသွေး၊ အခြင်အတွယ်မှန်ကန်စွာ ရောင်းချစေရေးနှင့် မသမာသောနည်းလမ်းများဖြင့် ဖြန့်ဖြူးရောင်းချမှုများကို စစ်ဆေးဖော်ထုတ်မှုများဆောင်ရွက်လျက်ရှိကြောင်း၊ သို့ဖြစ်ရာ ကုမ္ပဏီများအနေဖြင့် တင်သွင်းခွင့်ရရှိသောစားအုန်းဆီများကို ပြည်သူများထံ အပြည့်အဝဖြန့်ဖြူးရောင်းချခြင်း၊ မိမိတို့၏ လက်ကား/လက်လီကိုယ်စားလှယ်များကို ကြီးကြပ်ထိန်းကျောင်းခြင်းတို့ ဆောင်ရွက်သွားကြစေလိုကြောင်းနှင့် တင်သွင်းဖြန့်ဖြူးရာတွင် တွေ့ကြုံရသည့်အခက်အခဲများရှိပါက ဝန်ကြီးဌာန၏ သက်ဆိုင်ရာဦးစီးဌာနများနှင့် ဆက်သွယ်ပြီး ဆွေးနွေးကြစေလိုကြောင်းပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက စားသုံးဆီတင်သွင်းခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့်စပ်လျဉ်း၍ဆောင်ရွက်ရမည့် စံလုပ်ငန်းစဉ် (SoP) များအား တိကျစွာလိုက်နာဆောင်ရွက်ရေး၊ စားသုံးဆီကဏ္ဍ အထောက်အကူပြုအဖွဲ့များဖြစ်သည့် ဆီကန်ကြီးကြပ်ရေးလုပ်ငန်းအဖွဲ့နှင့် လေ့လာစောင့်ကြည့်သုတေသနအဖွဲ့တို့အနေဖြင့် မြေပြင်အခြေအနေမှန်များအား တင်ပြရေး၊ မီဒီယာများနှင့်တွေ့ဆုံ၍ အများပြည်သူ သိသင့်သိထိုက်သည့် သတင်းအချက်အလက်များကို ရှင်းလင်းပြောကြားရေးနှင့် တိုင်းဒေသကြီး/ပြည်နယ်များသို့ ကွင်းဆင်းစစ်ဆေးရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လှိုင်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဇော်နှင့် စားသုံးဆီ တင်သွင်းဖြန့်ဖြူးသည့်ကုမ္ပဏီများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ အခက်အခဲများနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

မြဝတီ

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်အား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာငွေကျပ် ၆၁၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၈

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသောစားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးစားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇန်နဝါရီလ ၉ ရက်မှ ၁၅ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၁၀၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့်ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့်မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်းသိရသည်။

မြဝတီ

## မြဝတီရုပ်မြင်သံကြားအစီအစဉ် ၉-၁-၂၀၂၆(သောကြာနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၉:၀၀ ကျန်းမာသုတ
၃။ ၁၀:၀၀ သီချင်းလက်ဆောင်
၄။ ၁၁:၀၀ မြန်မာ့လက်သံ
၅။ ၁၂:၀၀ မြန်မာသံစဉ်ချိုနားဝင်
၆။ ၁၃:၀၀ အမှတ်တရနေ့ရက်များ
၇။ ၁၄:၀၀ Soft Skill
၈။ ၁၅:၀၀ ဇာတ်လမ်းတို
၉။ ၁၆:၀၀ နိုင်ငံတကာသတင်း
၁၀။ ၁၇:၀၀ သုတရသစုံလင် ဗဟုသုတပုံပြင်
၁၁။ ၁၈:၂၀ ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ
၁၂။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း မေတ္တာပေါင်းကူးအလှထူးစေ သရုပ်ဆောင် လင်းဇေကျော်၊ မုဏ်း ဒါရိုက်တာ ဟန်စိုး(မြစ်ကျိုး)**
၁၃။ ည ၈ နာရီ သတင်းအပြီး လူသားတို့နှင့် Cyber အန္တရာယ်
၁၄။ အိုဘယ့်သခင်တေးနုယဉ်
၁၅။ တရားတော်

## MWD Variety Channel ၉-၁-၂၀၂၆(သောကြာနေ့)

၁။ ၀၈:၄၅ ပေး၍မကုန်ပေ မွန်မြတ်လှတဲ့ပညာအမွေ
၂။ ၁၀:၅၀ Countries of the World
၃။ ၁၁:၃၅ သောတဆင်စရာ တေးမြန်မာ
၄။ ၁၅:၄၅ ဗုဒ္ဓဘာသာအကြောင်း သိကောင်းစရာ

## သဇင်(FM)အသံလွှင့်အစီအစဉ် ၉-၁-၂၀၂၆(သောကြာနေ့)

၁။ ၀၈:၀၀ For Youth
၂။ ၁၀:၀၀ သတင်း/သီချင်း
၃။ ၁၃:၀၀ တိုင်းရင်းသားစကားပြောကြရအောင်
၄။ ၁၇:၀၀ ထူးခြားထင်ရှားကမ္ဘာတစ်လွှား
၅။ ၁၉:၀၀ စစ်သည်ကဏ္ဍ
၆။ ၂၁:၂၀ စာလာတယ်ဗျို့

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၁-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၂၅ | ၂၄၄၀ | ၂၄၀၅ | ၂၃၄၀ | ၂၄၄၅ | ၂၄၆၀ | ၂၄၈၀ | ၂၃၉၅ | ၄၅၀၅ | ၂၆၉၀ | ၂၄၁၅ | ၂၅၅၀ | ၂၄၈၅ | ၂၄၅၀ | ၂၄၇၅ | ၂၇၃၀ |
| 95 Ron | ၂၃၈၀ | ၂၄၉၅ | ၂၄၆၀ | ၂၃၉၅ | ၂၅၀၀ | ၂၅၁၅ | ၂၅၃၀ | ၂၄၅၀ | ၄၅၆၀ | ၂၇၄၅ | ၂၄၇၀ | ၂၅၉၀ | ၂၅၄၀ | ၂၅၀၅ | ၂၅၂၅ | ၂၇၈၅ |
| HSD (500 ppm) | ၂၁၃၅ | ၂၂၅၀ | ၂၂၁၅ | ၂၁၅၀ | ၂၂၅၅ | ၂၂၇၀ | ၂၂၉၀ | ၂၂၁၀ | - | ၂၅၀၀ | ၂၂၂၅ | ၂၇၅၅ | ၂၂၉၅ | ၂၂၆၀ | ၂၂၈၅ | ၂၅၄၀ |
| HSD (50 ppm) | ၂၅၄၅ | ၂၆၆၀ | ၂၆၂၅ | ၂၅၆၀ | ၂၆၆၅ | ၂၆၈၀ | ၂၇၀၀ | ၂၆၁၅ | ၄၈၃၀ | ၂၉၁၀ | ၂၆၃၅ | ၂၇၇၀ | ၂၇၀၅ | ၂၆၇၀ | ၂၆၉၀ | ၂၉၅၀ |
| HSD (10 ppm) | ၂၅၄၅ | ၂၆၆၀ | ၂၆၂၅ | ၂၅၆၀ | ၂၆၆၅ | ၂၆၈၀ | ၂၇၀၀ | ၂၆၁၅ | - | ၂၉၁၀ | ၂၆၃၅ | ၂၇၇၀ | ၂၇၀၅ | ၂၆၇၀ | ၂၆၉၀ | ၂၉၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၇၅ | ၂၂၅၃ |
| 95 Ron | ၂၂၂၈ | ၂၃၀၆ |
| HSD (500 ppm) | ၁၉၉၃ | ၂၀၆၂ |
| HSD (50 ppm) | ၂၃၈၈ | ၂၄၆၆ |
| HSD (10 ppm) | ၂၃၈၈ | ၂၄၆၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## သွင်းကုန်လုပ်ငန်းရှင်များအား အသိပေးကြေညာခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် သွင်းကုန်လုပ်ငန်းရှင်များက ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ လျှောက်ထားသည့် သွင်းကုန်လိုင်စင်/ပါမစ်လျှောက်လွှာများ၏သက်တမ်းကို ရက်ပေါင်း ၁၈၀ သတ်မှတ်မည်ဖြစ်ကြောင်း၊ ပြည်တွင်းတွင် ရောင်းဝယ်ခြင်းလုပ်ငန်း(Trading) ဆောင်ရွက်ရန် တင်သွင်းမှုများအတွက် လိုင်စင်လျှောက်ထားရာတွင် ကုမ္ပဏီတစ်ခုလျှင် ကုန်ပစ္စည်းအမျိုးအစားတူညီပါက ပြက္ခဒိန်တစ်လအတွင်း တစ်စောင်သာ လျှောက်ထားရန်နှင့် အဆိုပါတစ်စောင်ကိုသာ အတည်ပြုခွင့်ပြုသွားမည်ဖြစ်ကြောင်းနှင့် သွင်းကုန်လိုင်စင်/ပါမစ်လျှောက်လွှာ သက်တမ်းရက်ပေါင်း ၁၈၀ ကျော်လွန်သည့် လျှောက်ထားမှုများကို Myanmar Tradenet 2.0 စနစ်မှပယ်ဖျက်ခြင်း (Auto Cancel) ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသိပေးကြေညာချက်(၄/၂၀၂၅) ဖြင့် အသိပေးထုတ်ပြန်ထားရှိပါသည်။

၂။ သို့ဖြစ်ပါ၍ သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် သွင်းကုန်လိုင်စင်/ပါမစ်လျှောက်လွှာများနှင့် စပ်လျဉ်း၍ ထုတ်ပြန်ချက်များအတိုင်း သိရှိလိုက်နာဆောင်ရွက်နိုင်ရေး တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## ပို့ကုန်လုပ်ငန်းရှင်များအား တိုက်တွန်းနှိုးဆော်ခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၂၅ ရာခိုင်နှုန်း အစား ၁၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ်(၁၂/၂၀၂၂)ပါ သတ်မှတ်ညွှန်ကြားချက်များအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့၊ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၆) ဖြင့် ပြင်ဆင်သတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာထားရှိပါသည်။

၂။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း ပို့ကုန်လုပ်ငန်းများအဆင်ပြေချောမွေ့စေရေးအတွက် ပို့ကုန်လိုင်စင်လျှောက်ထားမှုများကို အချက်အလက်ပြည့်စုံစွာတင်ပြလာပါက Automatic Licensing စနစ်ဖြင့် အလိုအလျောက်ခွင့်ပြုခြင်း၊ Non-Automatic Licensing စနစ်ဖြင့် လျှောက်ထားမှုများကို ပို့ကုန်သွင်းကုန်လုပ်ငန်းညှိနှိုင်းမှုကော်မတီကစိစစ်ပြီး ရုံးဖွင့်ရက်များ၌ ၂၄ နာရီအတွင်း ခွင့်ပြုခြင်းများဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်လိုင်စင်လျှောက်ထားသည့်စောင်ရေနှင့် ပမာဏအတိုင်း အပြည့်အဝမှန်မှန်ကန်ကန်တင်ပို့ကြရန်နှင့် ပို့ကုန်ရငွေပြန်လည်ဝင်ရောက်မှုအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ထားသည့်ကာလအတွင်း အပြည့်အဝပြန်လည်ဝင်ရောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**



## မော်လမြိုင်ကျွန်းမြို့ မိုးညိုပရိယတ္တိစာသင်တိုက်၌ ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ဗုဒ္ဓါဘိသေကအနေကဇာတင်အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ရှိ မိုးညိုပရိယတ္တိစာသင်တိုက်၌ကျင်းပသည့် ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားဆင်းတုတော် အဆူ ၁၀၀၀ ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်နိုင်ငံတော်ဝိနည်းဓိုရ် မိုးညိုပရိယတ္တိစာသင်တိုက်ဦးစီးပဓာနနာယကဆရာတော်ဘဒ္ဒန္တအဂ္ဂဝံသအမှူးပြုသော ဆရာတော် သံဃာတော်များ၊ စာချ၊ စာသင်သံဃာတော်များက ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး၊ မိသားစုနှင့် ဧည့်ပရိသတ်များက စာချ၊ စာသင်သံဃာတော်များအား သင်္ကန်းနှင့်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြပြီး မိုးညိုပရိယတ္တိစာသင်တိုက်ဦးစီးပဓာန နာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်ကြီးများ ရွတ်ဖတ်ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော်ကြီးများအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ဘဒ္ဒန္တအဂ္ဂဝံသထံမှအနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ဆရာတော် သံဃာတော်များနှင့် စာသင်တိုက်ရှိ စာချ၊ စာသင် သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဗုဒ္ဓါဘိသေကအနေကဇာတင် လှူဒါန်းပူဇော်ပြီးဖြစ်သည့် ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို မော်လမြိုင်ကျွန်းမြို့ပေါ် ရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ပူဇော်လိုသူပြည်သူများအား ဖြန့်ဝေလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

## နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၈

နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ၏ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက နိုင်ငံတကာနှင့် အာဆီယံဒေသတွင်း တိုးတက်များပြားလာသည့်ကုန်သွယ်မှုလုပ်ငန်းများလုပ်ဆောင်ရာတွင် လွယ်ကူအဆင်ပြေ ချောမွေ့စေရေးအတွက်လည်းကောင်း၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ ပြန်လည်သုံးသပ်ပြင်ဆင်ထားသော ကျိုတိုသဘောတူညီချက်၏ အထွေထွေနောက်ဆက်တွဲပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက်နှင့် အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူညီချက်များအရလည်းကောင်း မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အဆင့်ပြတင်းတစ်ပေါက်စနစ်ကို ၂၀၂၈ ခုနှစ်တွင် မဖြစ်မနေအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ရာ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် တည်ထောင်နိုင်ရေးအတွက် လိုအပ်သောရန်ပုံငွေခွင့်ပြုချက်ရရှိရေး ဆောင်ရွက်ရမည်ဖြစ်ပြီး စနစ်အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် နည်းပညာနှင့် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ စနစ်အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်များတွင် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများအနေဖြင့် ပါဝင်သည့်ကဏ္ဍအလိုက် လုပ်ငန်းတာဝန်များကို ပြည့်ဝစွာဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော်အဆင့် ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ကော်မတီဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က နိုင်ငံတော်အဆင့် ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေးအတွက်လုပ်ငန်းစဉ်များကိုသတ်မှတ်ချိန်အတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနများက ပူးပေါင်းဆောင်ရွက်ရမည့်အခြေအနေများကိုလည်းကောင်း၊ ကော်မတီဒုတိယဥက္ကဋ္ဌ (၂) ဒုတိယဝန်ကြီး ဦးမင်းမင်းက ကုန်သွယ်ရေးလွယ်ကူချောမွေ့စေရေးဆိုင်ရာသဘောတူညီချက် Article (10.4) နှင့်အညီ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက နည်းပညာပိုင်းဆိုင်ရာကိစ္စရပ်များအားလည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်က ငွေကြေး၊ ဘဏ်လုပ်ငန်းနှင့် ကုန်သွယ်မှုအတွက် ငွေပေးချေမှုဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် သက်ဆိုင်ရာဌာနများမှ ကော်မတီအဖွဲ့ဝင်များက ဥပဒေပိုင်းဆိုင်ရာကိစ္စရပ်များ၊ သတင်းအချက်များ မှန်ကန်မှုနှင့် လုံခြုံမှုရှိရေးဆိုင်ရာကိစ္စရပ်များ၊ ငွေကြေးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ စနစ်အကောင်အထည်ဖော်ရေးတွင် ကုမ္ပဏီများပါဝင်ဆောင်ရွက်လာခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုတိုးမြင့်လာနိုင်မှုအခြေအနေများ၊ အဓိကပို့ကုန်၊ သွင်းကုန်များဖြစ်သော စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းထွက်ကုန်များဆိုင်ရာပိုးမွှားကင်းစင်ရေး (Technical Barriers to Trade - TBT နှင့် Sanitary and Phytosanitary (SPS) measures) ဆိုင်ရာကိစ္စရပ်များ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှု(Food and Drug Administration - FDA) စသည်တို့နှင့်စပ်လျဉ်း၍ နည်းပညာအသုံးပြုဆောင်ရွက်နေသည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**မြဝတီ**






နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား စက်ရုံမှူးက တပ်မတော်အကြီးစားစက်ရုံ(ဆင်တဲ) မှ လယ်ယာသုံးစက်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများထုတ်လုပ်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်အကြီးစားစက်ရုံ (ဆင်တဲ) သံဂဟေချောင်းအလုပ်ရုံအတွင်း သံဂဟေချောင်းများ အဆင့်ဆင့်ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## ❖ ထုတ်လုပ်လိုက်သည့်စက်ပစ္စည်းများ အရည်အသွေးပြည့်မီစေရေးအတွက် စနစ်တကျသုတေသနပြုထုတ်လုပ်သွားရန်. . .

၁ ကျောဖုံးမှအဆက်

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

ထို့နောက် စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံမှူးက စက်ရုံသမိုင်းအကျဉ်း၊ ဝန်ထမ်းများခန့်အပ်ထားရှိမှု၊ ရည်မှန်းချက်တာဝန်များ၊ စက်ရုံမှ လယ်ယာသုံးစက်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများထုတ်လုပ်လျက်ရှိမှု၊ စက်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် စက်ကိရိယာများ၊ လက်သုံးကိရိယာများထုတ်လုပ်မှု၊ လယ်ယာသုံးစက်ကိရိယာများ ပိုမိုတိုးတက် ထုတ်လုပ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကစီးပွားရေးအဖြစ် ဆောင်ရွက်သည့်နိုင်ငံဖြစ်သဖြင့် နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်စေရေးအတွက် လိုအပ်သည့် လယ်ထွန်စက်များနှင့် စက်ကိရိယာများအား ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း၊ စက်ရုံ၏ ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သောကျွမ်းကျင်လုပ်သားများရရှိစေရေးဆောင်ရွက်သွားရန်လိုကြောင်း၊ ထုတ်လုပ်လိုက်သည့်စက်ပစ္စည်းများ အရည်အသွေးပြည့်မီစေရေးအတွက် စနစ်တကျသုတေသနပြုထုတ်လုပ်သွားရန်လိုကြောင်း၊ ဝန်ထမ်းများ၏ စားသောက်နေထိုင်ရေးနှင့် သက်သာချောင်ချိရေးလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်သကဲ့သို့ လုပ်ငန်းခွင်ကျွမ်းကျင်မှုအလိုက် ချီးမြှင့်မှုများကိုလည်း ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ စားရေးကို အထောက်အကူဖြစ်စေသည့် တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ဝန်ထမ်းမိသားစုဝင်သားသမီးများ၏ ပညာရည်မြင့်မားရေးကိုလည်း ဆောင်ရွက်ပေးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း အလုပ်ရုံများအားလှည့်လည်၍ လက်ဆွဲကောက်စိုက်စက်၊ Manual Drum Seeder များနှင့် ဆက်စပ်ပစ္စည်းများထုတ်လုပ်နေမှု၊ သံရည်ကျိုအလုပ်ရုံအတွင်း စက်ပစ္စည်းအစိတ်အပိုင်းများ သွန်းလောင်းထုတ်လုပ်နေမှု၊ သံဂဟေချောင်းအလုပ်ရုံအတွင်း သံဂဟေချောင်းများ အဆင့်ဆင့်ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ စက်ရုံမှူးက လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် တပ်မတော်အကြီးစားစက်ရုံ(ထုံးဘို)သို့ ရောက်ရှိကြရာ စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံမှူးက စက်ရုံသမိုင်းအကျဉ်း၊ ဝန်ထမ်းများခန့်အပ်ထားရှိမှု၊ ရည်မှန်းချက်တာဝန်များ၊ ထုတ်လုပ်နိုင်မှုစွမ်းရည်များနှင့် တစ်နှစ်ထုတ်လုပ်နိုင်မှုအခြေအနေများ၊ လမ်းညွှန်မှာကြားချက်များအား လိုက်နာဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မော်တော်ယာဉ်များအား ထုတ်လုပ်လျက်ရှိမှု၊ သုတေသနပြုဆောင်ရွက်လျက်ရှိမှုနှင့် စမ်းသပ်မောင်းနှင်ခြင်းများ



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်အကြီးစားစက်ရုံ (ဆင်တဲ) သံရည်ကျိုအလုပ်ရုံအတွင်း စက်ပစ္စည်းအစိတ်အပိုင်းများ သွန်းလောင်းထုတ်လုပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။






နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား စက်ရုံမှူးက တပ်မတော်အကြီးစားစက်ရုံ(ထုံးဘို) မှ မော်တော်ယာဉ်များထုတ်လုပ်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်အကြီးစားစက်ရုံ(ထုံးဘို) အတွင်းရှိ အလုပ်ရုံများအတွင်း မော်တော်ယာဉ်များထုတ်လုပ်နေမှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

**❖ မော်တော်ယာဉ်များအားထုတ်လုပ်ရာတွင် အစိတ်အပိုင်းများအားလုံးကို မိမိတို့ကိုယ်တိုင်ထုတ်လုပ်အသုံးပြုနိုင်ရန်လိုပြီး အစိတ်အပိုင်းများအား ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေး စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက် . . .**

**❖ မော်တော်ယာဉ်အရည်အသွေးစစ်ဆေးခြင်း၊ စမ်းသပ်မောင်းနှင်ခြင်းများကိုလည်း စနစ်တကျဆောင်ရွက် . . .**

ဆောင်ရွက်ပြီးစီးပါက တပ်မတော်နှင့်ဌာနဆိုင်ရာများသို့ ထုတ်ပေးလျက်ရှိမှုတို့နှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကိုရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မော်တော်ယာဉ်များအား ထုတ်လုပ်ရာတွင် အစိတ်အပိုင်းများအားလုံးကို မိမိတို့ကိုယ်တိုင် ထုတ်လုပ်အသုံးပြုနိုင်ရန်လိုပြီး အစိတ်အပိုင်းများအား ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေး စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ထုတ်လုပ်ပြီး စက်ပစ္စည်းအစိတ်အပိုင်းများအား တစ်ခုချင်းစီအလိုက် အရည်အသွေးစမ်းသပ်ခြင်းများ ဆောင်ရွက်ပြီးမှသာ တပ်ဆင်အသုံးပြုခြင်းဆောင်ရွက်ရန်နှင့် မော်တော်ယာဉ်အရည်အသွေး စစ်ဆေးခြင်း၊ စမ်းသပ်မောင်းနှင်ခြင်းများကိုလည်း စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ အရေအတွက်ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် အရည်အသွေးပိုမိုကောင်းမွန်လာရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်းရှိ အလုပ်ရုံများအတွင်း မော်တော်ယာဉ်များထုတ်လုပ်နေမှု လုပ်ငန်းစဉ်အဆင့်ဆင့်၊ ထုတ်လုပ်ပြီး မော်တော်ယာဉ်များအား စစ်ဆေးစမ်းသပ်နေမှုနှင့် ထုတ်လုပ်ထားရှိသည့် မော်တော်ယာဉ်များအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ စက်ရုံမှူးက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်အကြီးစားစက်ရုံ(ထုံးဘို) အတွင်းရှိ အလုပ်ရုံများအတွင်း မော်တော်ယာဉ်များထုတ်လုပ်နေမှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်အကြီးစားစက်ရုံ(ထုံးဘို) မှ စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်စဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing meets with township-level departmental officials and local elders from Padaung, discusses regional development




Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing meets with township-level departmental officials and local elders in Padaung.

NAY PYI TAW January 8

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing met with township-level departmental officials and local elders from Padaung Township, Bago Region, this morning and discussed regional development.

Also present at the meeting were SSPC Secretary General Ye Win Oo, union ministers, Bago Region Chief Minister U Myo Swe Win, senior military officers from the Office of the Commander-in-Chief, the Southern Command commander, deputy ministers, MSME entrepreneurs and local nationalities.

First, the chief minister reported on local points, farming activities, installation of electrical river water pumping stations for cultivation, local meat, fish, milk and egg sufficiency, development undertakings for MSMEs, opening of vocational causes, health and education promotion activities, preparations for the coming election.

Local elders then presented a report on the erection of a grand landmark at the junction in Ushitpin town, Padaung Township, where four Regions meet, the pleasure of the locals for the Senior General's visit to Padaung Township, the first ever visit of a Head of State to their place, the success of the first phase of the 2025 multiparty democracy general election held under the leadership of the Head of State and participation of the local people, and the harmonious efforts of the people of the township for the success of the election.

Afterward, union ministers, U Ko Ko Lwin, Dr Charlie Than and U Min Naung, discussed the positive foundations of Padaung Township for the success of industrial and agricultural businesses and livestock and services, requirements to reach the expected progress of the agro-based industry although the township possesses favourable conditions for its success, increase in the electricity generation for the success of the services sector, acceleration of the pace of local progress by promoting businesses that can go in parallel with industries, nationwide ongoing support for MSMEs to develop the industrial businesses of the nation and provision of necessary capital, technology and inputs, continuous encouragement for region-wise development of MSMEs that can generate job opportunities in every area and can serve as a driving force for national economic growth, extension of agricultural undertakings for the success and progress of the agro-industries and multiple-cropping in Padaung Township, availability of sufficient irrigation water for crops by implementing solar-power river water pumping projects and solar-power groundwater pumping projects, agricultural institutes in the nearby areas to successfully bring about technicians at the time when the State is making all-round efforts for the success of livestock and agriculture.



Senior General Min Aung Hlaing inspects products of local industries in Padaung.

In his address, the Senior General expressed pleasure and pride for his visit as it is the first visit of a Head of State to Padaung Township. Padaung has a significant history and

See Page - 19

## Sheikh Mohammed Bin Zayed Al Nahyan, President of the United Arab Emirates, sends Congratulatory Message to Senior General Min Aung Hlaing, Acting President of the Republic of the Union of Myanmar

It gives me a great pleasure to extend to Your Excellency my sincere congratulations and best wishes on the occasion of the Independence Day of the Republic of the Union of Myanmar, wishing Your Excellency continued good health and happiness, more development and growth for the government and their friendly people of Myanmar.

Accept the highest regards, sincere affection and appreciation.

## Sheikh Mohammed Bin Rashid Al Maktoum, Vice President and Prime Minister of the United Arab Emirates, Ruler of Dubai sends Congratulatory Message to Senior General Min Aung Hlaing, Acting President of the Republic of the Union of Myanmar

It gives me a great pleasure to extend to Your Excellency my sincere congratulations and best wishes on the occasion of the Independence Day of the Republic of the Union of Myanmar, wishing Your Excellency continued good health and happiness, more development and growth for the government and their friendly people of Myanmar.

Accept the highest regards, sincere affection and appreciation.

## Sheikh Mansour Bin Zayed Al Nahyan, Vice President of the United Arab Emirates, Deputy Prime Minister and Chairman of the Presidential Court sends Congratulatory Message to Senior General Min Aung Hlaing, Acting President of the Republic of the Union of Myanmar

It gives me a great pleasure to extend to Your Excellency my sincere congratulations and best wishes on the occasion of the Independence Day of the Republic of the Union of Myanmar, wishing Your Excellency continued good health and happiness, more development and growth for the government and their friendly people of Myanmar.

Accept the highest regards, sincere affection and appreciation.

■■ **From Page - 18**

geopolitical position, enjoying a rice and bean sufficiency that exceeds 200 percent and 300 percent respectively. Pawsanmhwe rice strain should be grown to produce quality rice. Systematic application of inputs will increase yield of the rice strain in Padaung area, and it should increase production of Pawsanmhwe, which is economically viable.

Myanmar is importing a large volume of cooking oil, spending a lot of foreign currency. As the country is exporting oil crops including groundnut only as a raw material, its earnings from the business never reach a satisfactory level. Hence, sown acreage of oil crops, sunflower and soybeans, which are supportive of the local edible oil production, must be increased. Padaung Township can produce glass noodles from beans and rice, as it is successfully running the farming industry. Similarly, it has been noted that experimental cotton cultivation is underway in Padaung Township, and depending on the success of these crops, industries based on cotton such as cotton wool, yarn, and textile manufacturing can be developed, while cottonseed oil can also be produced. For these reasons, he urged for the promotion of cotton cultivation within the region.

Regarding livestock, he stated that broiler and layer poultry, pig, and dairy cattle farming must be expanded in the Padaung region to support local food security. Animal feed can be produced using agricultural by-products to sustain these livestock operations. To develop the necessary human resources for this sector, agricultural, livestock, and industrial technical high schools have been opened across the regions. By advancing regional livestock production, it'll not only support the food requirements of visiting tourists but also allow surplus meat, fish, and eggs to be exported to other regions.

He noted that since educated human resources are required to develop agricultural and livestock sectors, the state is actively encouraging and supporting higher educational standards. Therefore, he urged everyone to work together to improve education within their respective regions. It's essential to ensure that all students complete at least the basic education level of KG+9 and to work on increasing school transition rates. Only by achieving high levels of basic schooling will one be able to pursue higher education and enhance both knowledge and technical expertise. The wealth of educated individuals is essential for the further development of regional socio-economic lives. Since Padaung Township already possesses a strong foundation for industrial growth, efforts must be made to increase the number of educated human resources within the area to ensure regional prosperity.

The state is establishing agricultural, livestock, and industrial technical high schools in every district, and they are working to establish them in the remaining districts as well. Since this country is built on farming and livestock, they're planning to incorporate basic agricultural education into the middle school curriculum starting next academic year. As the saying goes, "National discipline begins at school," educators must provide both academic knowledge and behavioral training to ensure students adhere to strict discipline in their conduct. Producing a generation of disciplined youth will significantly contribute to national stability and development. Since drug abuse severely ruins the lives of the youth, officials in the Padaung region must systematically supervise and take strict action to ensure that the area remains free from narcotics.

As voting irregularities were found in the 2020 general election, we had to assume the responsibility of the state in accordance with the law. We informed the then authorities of the voting irregularities repeatedly, but as they convened the Hluttaw unlawfully and the Tatmadaw had to declare a state of emergency and had to assume the responsibility.

After the responsibility of the state was assumed, elections were held on 28 December , 2025 in accordance with the ultimate objectives of the government. The phase 2 and 3 of the elections will be held. We are determined to continue to take the country to the democratic path. During the first phase of the elections, there are a lot of voters and as it was learnt that many people are willing to continue to take part in the democratic path, it can be regarded as a successful election.Therefore, concerted efforts must be made to raise the percentage of the turnout in the Pandaung area. Voters are urged to cast votes for candidates who can serve the interests of the religion and race of the country, join hands with the Tatmadaw. As they will legislate laws, it is necessary to vote for candidates who are well versed in laws, especially those who are educated and as a result the township will get the best candidates. As a result, everyone is urged to make concerted efforts to successfully hold the election.

Then, the Senior General inspected the products of the MSME in Pandaung townships and gave necessary instructions on reports of responsible officials.

100

# 633 illegal buildings used for committing online fraud and gambling activities in KK Park area systematically demolished

NAY PYI TAW January 8

The Government of Myanmar is carrying out coordinated operations involving multi-agency joint task forces to crack down on online fraud and gambling, which are most heavily based in the Shwe Kokko and KK Park areas. These operations include clearing illegal buildings, destroying confiscated equipment used in online fraud and gambling operations, and systematically demolishing unlawful structures. As part of these efforts, two additional illegal buildings in the KK Park area were demolished today.




An illegally constructed five-storey residential building in KK Park area, Section (2).

To date, 148 illegal buildings used for online fraud and gambling activities have been demolished in Section (1) of the Myawady–Maehtawthalay (KK Park) area, along with 425 illegal buildings in Section (3). Today, two illegal five-storey buildings used for online fraud and gambling activities in Section (2) were also demolished. As a result, 633 out of a total of 635 illegal buildings in the KK Park area have now been systematically demolished.




Demolition of illegally constructed two-storey residential buildings using explosives in KK Park area, Section (3).

In addition, in Section (3) of the KK Park area, illegal buildings that had already been demolished using heavy machinery have undergone further destruction using explosives to ensure complete eradication. This process began on December 14, and as of today, five two-storey buildings have additionally been destroyed, bringing the total number of illegal buildings completely destroyed to 116.

The government stated that it considers the eradication of online fraud and gambling activities a national duty. To ensure that such activities cannot take root anywhere in Myanmar, the government will continue to cooperate not only with domestic forces but also in close coordination with neighbouring countries' governments. **100**

# Farmers plant more than 1,000 acres of green gram in Sagaing Township

SAGAING January 8

More than 1,000 acres of green gram has been planted in Sagaing Township of Sagaing Region this year, according to the township Agriculture Department.

During the 2025–2026 winter crop season, it is planned to cultivate 2,528 acres of green gram in Sagaing Township. Cultivation began in October this year, and as of today, 1,167 acres have already been cultivated, according to reports.

U Myo Thant Aung, Head of the Sagaing Township Department of Agriculture, said, "For this year's winter crop season, we planned to grow over 2,000 acres of green gram in Sagaing Township. So far, over 1,000 acres have already been cultivated, and we are working to meet the full target. Green gram cultivation has been improving year by year. We are also providing awareness programs for farmers on expanding cultivation and using quality and pure seed varieties to achieve higher yields."

The Sagaing Township Department of Agriculture is conducting awareness and training programs for green gram farmers on the use of quality and region-appropriate seed varieties, proper cultivation methods, pest control, systematic fertilizer application, and yield improvement.

Furthermore, during this year's monsoon crop season, the department collaborated with farmers to provide quality and pure seed varieties, necessary inputs, and post-harvest techniques for pulse crop cultivation to ensure better yields and quality.

**SK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# SSPC Chairman Commander-in-Chief of Defence Services Senior General Min Aung Hlaing inspects assembling and manufacturing of agricultural machinery and automobiles at local Tatmadaw Heavy Industries in Hsinde and Htonbo

NAY PYI TAW January 8

Chairman of the State Security and Peace Commission and Commander-in-Chief of Defence Services Senior General Min Aung Hlaing inspected assembling and manufacturing of agricultural machinery and automobiles at local Tatmadaw Heavy Industries in Hsinde and Htonbo of Bago Region today.

Accompanied by Commission Secretary General Ye Win Oo, the entourage of the ispection trip, the commander of Southern Command and officials, the Senior General observed potable paddy transplanters and manual drum seeders produced by the Tatmadaw Heavy Industry (Hsinde) this morning and gave necessary guidance to officials after hearing the reports.

At the meeting hall, the industry manager reported to the Senior General on the brief history of the industry, appointment of employees, missions and visions, manufacturing of agricultural machinery and accessories, maintenance of machine parts, production of machinery and manual equipment, and conducting research to increase production of agricultural machinery.

In his response to the report, the Senior General said that as Myanmar primarily relies on agriculture as its main economic activity, it is necessary to take steps to further develop the agricultural sector of the nation. This includes boosting the production of agricultural machinery and equipment, ensuring the availability of skilled workers needed for industry's operations, and conducting systematic research to ensure that manufactured machinery meets quality standards. It is also essential to provide food, living conditions, and welfare for employees, as well as to offer recognition and rewards based on professional competence. Moreover, it is necessary to focus on operation of the military owned agriculture and livestock activities which supports food supply. Efforts should be made to provide higher education opportunities for the children of employees.



Senior General Min Aung Hlaing gives guidance on manufacturing goods that meet the set standard.



Senior General Min Aung Hlaing inspects an automobile assembling plant.

The Senior General and party viewed round production of potable paddy transplanters, manual drum seeders and accessories in the industry, casting of machine parts at the foundry shop, and production process of welding sticks at the welding workshop and gave necessary guidance to officials.

The Senior General presented cash award to employees through the industry manager.

In the afternoon, the Senior General proceeded to the Tatmadaw Heavy Industry (Htonbo). At the meeting hall, the industry manager reported on the brief history of the industry, appointment of employees, missions and visions, productivity and anunal production, accoplishment of the guidance, manufacturing of automobiles, conducting the research, issuance of automobiles to Tatmadaw and relevant departments on completion of the test-running, and future plans.

In his guidance, the Senior General said that in the production of automobiles, it is necessary to manufacture all components in-house and continuously strive to increase the production of these parts. Each component must undergo quality testing before being assembled and used. Moreover, systematic procedures for inspecting and test-driving the finished automobiles must be carried out. Efforts should also continue to further increase production quantities and improve overall quality.


The Senior General and party looked round production process of automobiles at the workshops, and testing the produced automobiles. The Senior General and party inspected the manufactured automobiles and gave necessary guidance and fulfill the needs to officials.

The Senior General presented cash awards for employees through the industry manager.



Senior General Min Aung Hlaing hears a report on a product.

# CES 2026 ပြပွဲမှာ အစွမ်းပြနိုင်ခဲ့တဲ့ ရေခဲမုန့်လုပ်ပေးနိုင်သည့် တရုတ်လူတုစက်ရုပ်



အမေရိကန်နိုင်ငံမှာ ကျင်းပနေတဲ့ CES 2026 နည်းပညာပြပွဲကြီးမှာ PaXini Tech ကုမ္ပဏီက ထုတ်လုပ်တဲ့ TORA-ONE အမည်ရှိ လူပုံစံတူစက်ရုပ်ဟာ လူအများရဲ့ စိတ်ဝင်စားမှုကို အကြီးအကျယ်ရရှိနေပါတယ်။ ဒီစက်ရုပ်ဟာ လူသားတွေရဲ့ အကူအညီလုံးဝမပါဘဲ ရေခဲမုန့်လုပ်တဲ့လုပ်ငန်းစဉ်တစ်ခုလုံးကို အစအဆုံးကိုယ်တိုင် လုပ်ပြနိုင်လို့ဖြစ်ပါတယ်။

TORA-ONE စက်ရုပ်ဟာ ရေခဲမုန့်လုပ်စက်ရဲ့ ခလုတ်တွေလှည့်တာ၊ ပါဝင်ပစ္စည်းတွေထည့်တာနဲ့ ရရှိလာတဲ့ ရေခဲမုန့်ခွက်ကို လာရောက်ကြည့်ရှုသူတွေဆီ လက်ဆင့်ကမ်းပေးတာတွေကို ကျွမ်းကျင်စွာ လုပ်ဆောင်ပြသခဲ့ပါတယ်။ ဒီစက်ရုပ်ရဲ့ ထူးခြားချက်ကတော့ လူသားတွေလိုမျိုးပဲ အရာဝတ္ထုတွေကို ထိတွေ့ကိုင်တွယ်တဲ့အခါ ခံစားသိရှိနိုင်တဲ့ "အထိအတွေ့ အာရုံခံစနစ်" ပဲ ဖြစ်ပါတယ်။

ဒီစက်ရုပ်မှာ တပ်ဆင်ထားတဲ့ အာရုံခံကိရိယာတွေဟာ အရာဝတ္ထုတစ်ခုရဲ့ ပျော့ပျောင်းမှုနဲ့ မျက်နှာပြင် အနုအကြမ်းတွေကိုပါ ခွဲခြားသိရှိနိုင်ပါတယ်။ ဒါကြောင့်လည်း ဖန်ပြွန်ချောင်းတွေလို ပုံသဏ္ဍာန်မမှန်တဲ့ ပစ္စည်းတွေနဲ့ ကွဲလွယ်တဲ့ ပစ္စည်းတွေကို မပျက်စီးအောင် နူးနူးညံ့ညံ့ကိုင်တွယ်နိုင်တာဖြစ်ပါတယ်။ ဒီစက်ရုပ်ဟာ အမြင့် ၆ ပေ နီးပါးရှိပြီး တစ်ခါအားသွင်းထားရင် ၈ နာရီအထိအလုပ်လုပ်နိုင်ပြီး ဝန်ဆောင်မှုလုပ်ငန်းမှာ လူသားတွေနေရာကိုအစားထိုးလာနိုင်မှာဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**

# ဆောက်လုပ်ရေးလုပ်ငန်းခွင်များအတွက် လူမလိုဘဲ အလုပ်လုပ်နိုင်တဲ့ စက်ယန္တရားကြီးများ



နာမည်ကျော် Caterpillar ကုမ္ပဏီဟာ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွေမှာ လူကိုယ်တိုင်မောင်းနှင်စရာမလိုဘဲ အလုပ်လုပ်နိုင်တဲ့ အလိုအလျောက်မောင်း စက်ယန္တရားကြီးတွေကို ဖန်တီးလိုက်ပါတယ်။ အထူးသဖြင့် မြေတူးစက်တွေနဲ့ မြေသယ်ကားကြီးတွေကို AI နည်းပညာအသုံးပြုပြီး ကိုယ်တိုင်အလုပ်လုပ်နိုင်အောင် ဖန်တီးထားတာဖြစ်ပါတယ်။

ဒီစက်ယန္တရားကြီးတွေဟာ အဆင့်မြင့် အာရုံခံကိရိယာတွေနဲ့ ကင်မရာတွေကို အသုံးပြုပြီး ပတ်ဝန်းကျင်ကို အကဲခတ်နိုင်သလို ဘေးအန္တရာယ်ရှိတဲ့ နေရာတွေမှာလည်း လူတွေအစား ဘေးကင်းကင်းနဲ့ အလုပ်လုပ်ပေးနိုင်ပါတယ်။


အခုထုတ်လုပ်ထားတဲ့စနစ်တွေက ရွှေ့ပြောင်းပုံစံဖြစ်ပြီး လုပ်ငန်းခွင်မှာ အမှားအယွင်းနည်းစေကာ အလုပ်လုပ်ရတဲ့အချိန်ကိုလည်း ပိုမိုမြန်ဆန်စေမှာဖြစ်တယ်လို့ ဖန်တီးသူများကပြောပါတယ်။

ဒါ့အပြင် ဒီစက်ယန္တရားတွေကို တစ်နေရာတည်းကနေ စက်ရုပ်တွေလို ထိန်းချုပ်မောင်းနှင်နိုင်တဲ့အတွက် လုပ်သားရှားပါးမှုပြဿနာကိုလည်း ဖြေရှင်းပေးနိုင်မှာပါ။ ဒီနည်းပညာဟာ နောင်အနာဂတ်ဆောက်လုပ်ရေးလောကကြီးကို အကြီးအကျယ် ပြောင်းလဲပစ်မယ့် ခြေလှမ်းသစ်တစ်ခုဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

**Ref: IE**

**ကိုထက်**

# ခေါက်သိမ်းနိုင်သော စတီယာရင်ပါသည့် အလိုအလျောက်မောင်း ကားအသစ်



Autoliv နဲ့ Tensor ကုမ္ပဏီတို့ပူးပေါင်းပြီး အနာဂတ်ကားမောင်းနှင်မှုစနစ်ကို ပြောင်းလဲပေးနိုင်မယ့်ခေါက်သိမ်းလို့ရတဲ့ စတီယာရင်နည်းပညာကို မိတ်ဆက်လိုက်ပါတယ်။ ဒီစတီယာရင်ကို Tensor Robocar လို့ခေါ်တဲ့ အလိုအလျောက်မောင်း ကားအသစ်မှာ စတင်အသုံးပြုထားတာပါ။

ဒီစနစ်ရဲ့ ထူးခြားချက်ကတော့ ကားကို Level 4 အဆင့် အလိုအလျောက်မောင်းနှင်တဲ့စနစ်ပြောင်းလိုက်တာနဲ့ စတီယာရင်ဟာ အလိုအလျောက် ကားဒိုင်ခွက်ထဲကို ခေါက်ဝင်သွားတာဖြစ်ပါတယ်။ ဒါကြောင့် ကားမောင်းသူနေရာမှာ နေရာလွတ်တွေ ပိုထွက်လာပြီး အနားယူတာ ဒါမှမဟုတ် တခြားအလုပ်တွေလုပ်နိုင်ဖို့ နေရာလွတ်တစ်ခုကိုကျယ်ကျယ်ဝန်းဝန်း အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

ဘေးကင်းလုံခြုံရေးရှိဖို့အတွက်လည်း အထူးစီမံထားပါတယ်။ စတီယာရင်ရှိနေချိန်မှာ စတီယာရင်ထဲက လေအိတ်အလုပ်လုပ်ပြီး စတီယာရင်ခေါက်သိမ်းထားချိန်မှာတော့ ကားဒိုင်ခွက်ထဲမှာပါတဲ့ အရန်လေအိတ်က အလိုအလျောက်ပြောင်းလဲအလုပ်လုပ်ပေးသွားမှာဖြစ်တယ်လို့ ဆိုပါတယ်။

**Ref: IE**

**ကိုထက်**

# စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းမှ အရည်အသွေးမြင့် ပလတ်စတစ်ထုတ်လုပ်နိုင်ပြီ

အခုဆိုရင် သိပ္ပံပညာရှင်တွေဟာ စိုက်ပျိုးရေးကထွက်တဲ့ စွန့်ပစ်ပစ္စည်းတွေကို အသုံးပြုပြီး သာမန်ပလတ်စတစ်တွေထက် ပိုခိုင်ခံ့တဲ့ ပလတ်စတစ်အမျိုးအစားသစ်ကို ထုတ်လုပ်နိုင်ခဲ့ကြပါတယ်။

ဆွစ်ဇာလန်နိုင်ငံ EPFL တက္ကသိုလ်မှ သုတေသနအဖွဲ့က ပြောင်းဖူးရိုးနဲ့သစ်သားအပိုင်းအစတွေမှာပါတဲ့ သကြားဓာတ်ကို အခြေခံပြီး နိုင်လွန်လိုမျိုးခိုင်ခံ့တဲ့ ပလတ်စတစ်တွေကို ဖန်တီးခဲ့တာဖြစ်ပါတယ်။

ဒီနည်းပညာရဲ့ ထူးခြားချက်ကတော့ သာမန်ပလတ်စတစ်တွေလိုမျိုး ရေနံကို အခြေခံတာမဟုတ်ဘဲ သဘာဝစွန့်ပစ်ပစ္စည်းတွေကို အသုံးပြုထားတာကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ၇၅ ရာခိုင်နှုန်းအထိလျှော့ချပေးနိုင်ပါတယ်။

ဒါ့အပြင် ဒီနည်းလမ်းဟာ ကုန်ကြမ်းရဲ့ ၉၇ ရာခိုင်နှုန်းကိုအလေအလွင့်မရှိ ပလတ်စတစ်အဖြစ် ပြောင်းလဲပေးနိုင်ပြီး စက်မှုလုပ်ငန်းတွေမှာပါ အသုံးပြုနိုင်လောက်အောင် စွမ်းဆောင်ရည်မြင့်မားပါတယ်။

ဒီပလတ်စတစ်အသစ်ဟာ အပူဒဏ်ခံနိုင်ရည်ရှိပြီး ခိုင်ခံ့တဲ့အတွက် ဖုန်းကာဗာနဲ့ တခြားအသုံးအဆောင်ပစ္စည်းတွေကိုပါ 3D ပရင်တာစနစ်နဲ့တောင် ထုတ်လုပ်ပြသနိုင်ခဲ့ပါတယ်။

နောင်အနာဂတ်မှာ ဒီနည်းပညာကနေ တစ်ဆင့် ရေနံအခြေခံပလတ်စတစ်တွေ နေရာမှာအစားထိုးလာနိုင်ပြီး ကမ္ဘာ့အမှိုက်ပြဿနာကို ဖြေရှင်းပေးနိုင်ဖို့ မျှော်လင့်ထားကြပါတယ်။

**Ref: IE**

**ကိုထက်**



# ဒရုန်းများကို နှိမ်နင်းမယ့် ကမ္ဘာ့အသေးဆုံး ဒုံးကျည်သစ်ကို အက်စတိုးနီးယားထုတ်လုပ်



အခုဆိုရင် စစ်မြေပြင်တွေမှာ အန္တရာယ်ပေးနေတဲ့ ဒရုန်းတွေကို သက်သာတဲ့ဈေးနဲ့ နှိမ်နင်းနိုင်ဖို့ အက်စတိုးနီးယားနိုင်ငံက Mark 1 လို့အမည်ပေးထားတဲ့ ကမ္ဘာ့အသေးဆုံး ဒုံးကျည်ကိုထုတ်လုပ်လိုက်ပါတယ်။ ဒီဒုံးကျည်ဟာ အရွယ်အစားအားဖြင့် ၂ ပေဝန်းကျင်ရှိပြီး ပေါင်မုန့်တစ်လုံးလောက်သာ အရှည်ရှိတာဖြစ်ပါတယ်။

Mark 1 ရဲ့ ထူးခြားချက်ကတော့ ရိုးရိုးဒုံးကျည်တွေထက် ထုတ်လုပ်မှုစရိတ် ၁၀ ဆလောက်ပိုသက်သာပြီး အချိန်တိုအတွင်း အရေအတွက် ထောင်ပေါင်းများစွာ ထုတ်လုပ်နိုင်တာပဲ ဖြစ်ပါတယ်။ ဒီဒုံးကျည်ဟာ ၂ ကီလိုမီတာအကွာအဝေးမှာရှိတဲ့ ဒရုန်းတွေကိုပစ်မှတ်ထားနှိမ်နင်းနိုင်ပြီး AI နည်းပညာအသုံးပြုထားတာကြောင့် ပစ်လွှတ်ပြီးတာနဲ့ သူ့အလိုအလျောက် ပစ်မှတ်ကို လိုက်လံတိုက်ခိုက်နိုင်ပါတယ်။

ဒီဒုံးကျည်တွေကို ဗြိတိန်နိုင်ငံက Babcock ကုမ္ပဏီနဲ့ပူးပေါင်းပြီး သင်္ဘောတွေပေါ်မှာပါ တပ်ဆင်အသုံးပြုနိုင်ဖို့ စီစဉ်နေပါတယ်။ အဆင့်မြင့်ဒုံးကျည်ကြီးများကိုအသုံးပြုပြီး ဒရုန်းတွေကိုပစ်ချရင် ကုန်ကျစရိတ်အလွန်များတဲ့အတွက် အခုလိုသေးငယ်ပြီး ဈေးသက်သာတဲ့အသေးစားဒုံးကျည်တွေက အနာဂတ်စစ်ပွဲတွေမှာ အရေးပါတဲ့အခန်းကဏ္ဍကနေ ပါဝင်လာမှာဖြစ်တယ်လို့ဆိုပါတယ်။

**Ref: IE**

**ကိုထက်**

# ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သဘောတူညီချက်မှ နုတ်ထွက်ရန် အမေရိကန်ပြင်ဆင်

**ဝါရှင်တန်၊ နိုင်ငံရေး**

အမေရိကန်နိုင်ငံသည် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်သဘောတူညီချက် (UNFCCC) မှ တရားဝင်နုတ်ထွက်ရန်ပြင်ဆင်သည့်အနေဖြင့် လုပ်ငန်းစဉ်များကိုစတင်လိုက်ပြီဖြစ်ကြောင်း ဇန်နဝါရီလ ၈ ရက်တွင် ကြေညာသည်။ ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၌ကျင်းပနေသည့် COP30 ရာသီဥတုဆိုင်ရာအစည်းအဝေးတွင် အမေရိကန်ကိုယ်စားလှယ်အဖွဲ့က ယခုကဲ့သို့ အသိပေးခြင်းဖြစ်သည်။

ယင်းဆုံးဖြတ်ချက်သည် ၂၀၁၅ ခုနှစ် ပဲရစ်ရာသီဥတု သဘောတူညီချက်မှ နုတ်ထွက်ရုံသာမက တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်သောရာသီဥတုဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများ၏ အခြေခံအုတ်မြစ်ဖြစ်သည့် ၁၉၉၂ ခုနှစ် UNFCCC သဘောတူညီချက်မှပါ လုံးဝနုတ်ထွက်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ အမေရိကန်အစိုးရ၏ ယခုခြေလှမ်းသည် ကမ္ဘာ့ကြီးပူနွေးလာမှုကို ထိန်းချုပ်ရန်ကြိုးပမ်းနေသည့် နိုင်ငံတကာလုပ်ငန်းစဉ်များအပေါ် ရိုက်ခတ်မှုများ ရှိလာနိုင်ကြောင်း သိရသည်။ **Ref: AGC**

# ယူကရိန်းသို့ ပြည်ပတပ်ဖွဲ့ဝင်များစေလွှတ်ပါက တိုက်ခိုက်ခံရမည့်ပစ်မှတ်များဖြစ်လာမည်ဟု ရုရှားထပ်မံသတိပေး



**မော်စကို၊ စစ်ရေး**

ယူကရိန်းနိုင်ငံသို့ အနောက်အုပ်စုအစိုးရများကစေလွှတ်မည့် မည်သည့်ပြည်ပတပ်ဖွဲ့ဝင်မဆိုသည် တိုက်ခိုက်ခံရမည့်တရားဝင်ပစ်မှတ်များဖြစ်လာမည်ဟု ရုရှားအစိုးရက ဇန်နဝါရီလ ၈ ရက်တွင် ထပ်မံသတိပေးထားသည်။

ထိုထုတ်ပြန်ချက်သည် ရုရှား-ယူကရိန်း အပစ်အခတ်ရပ်စဲရေး ရရှိပြီးနောက်ပိုင်း ယူကရိန်းတွင် နိုင်ငံတကာတပ်ဖွဲ့ဝင်များ စေလွှတ်ရန်အစီအစဉ်များကို ဗြိတိန်နှင့် ပြင်သစ်တို့က ထုတ်ဖော်ပြောပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ဇန်နဝါရီလ ၆ ရက်တွင် ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ပြုလုပ်ခဲ့သော Coalition of the Willing ထိပ်သီးအစည်းအဝေးတွင် ဗြိတိန်ဝန်ကြီးချုပ်နှင့် ပြင်သစ်သမ္မတတို့က ယူကရိန်းတွင် စစ်ရေးဌာနချုပ်များ တည်ထောင်ရန်နှင့် တပ်ဖွဲ့ဝင်များစေလွှတ်ရန် ရည်ရွယ်ချက်ဖြင့် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးသည်။

ပြင်သစ်သမ္မတက ၎င်းတို့အနေဖြင့် ပြင်သစ်တပ်ဖွဲ့ဝင် ထောင်ပေါင်းများစွာကို စေလွှတ်နိုင်ကြောင်းပြောသကဲ့သို့ ဗြိတိန်ဝန်ကြီးချုပ်ကလည်း အဆိုပါလုပ်ရပ်သည် ယူကရိန်း၏ ဝေဟင်နှင့်ပင်လယ်ပြင်လုံခြုံရေးအတွက်ဖြစ်သည်ဟု ဆိုသည်။

ထို့နောက် အနောက်အုပ်စု၏ယခုကဲ့သို့သော စစ်လိုလားသည့် ထုတ်ပြန်ချက်များသည် အလွန်အန္တရာယ်များကြောင်းနှင့် ယူကရိန်းမြေပေါ်တွင် ပြည်ပစစ်စခန်းများ သို့မဟုတ် အခြေခံအဆောက်အဦများ တည်ဆောက်ခြင်းကို နိုင်ငံခြားကျူးကျော်မှုအဖြစ်သတ်မှတ်မည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည်။ **Ref: BP**

# ဗင်နီဇွဲလားတွင် အမေရိကန်၏စွက်ဖက်မှု နိုင်ငံငယ်များအတွက် စိုးရိမ်စရာဖြစ်စေ

**စင်ကာပူ၊ နိုင်ငံရေး**

ဗင်နီဇွဲလားနိုင်ငံအတွင်း အမေရိကန်၏ဝင်ရောက်စွက်ဖက်မှုသည် စင်ကာပူကဲ့သို့သော နိုင်ငံငယ်များအတွက်စိုးရိမ်ဖွယ်ရာဖြစ်ရပ်တစ်ခုဖြစ်ကြောင်း စင်ကာပူဝန်ကြီးချုပ်ဟောင်း လီရှန်လွန်းက ဇန်နဝါရီလ ၈ ရက်တွင် ပြောသည်။

ဇန်နဝါရီလ ၈ ရက်တွင် ကျင်းပသော ၂၀၂၆ ခုနှစ် ဒေသတွင်းအလားအလာ ဆွေးနွေးပွဲ၌ ဗင်နီဇွဲလားအခြေအနေနှင့်ပတ်သက်၍ စင်ကာပူ၏အမြင်ကို မေးမြန်းရာတွင် ဝန်ကြီးချုပ်ဟောင်းက ထိုသို့ထည့်သွင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

ထိုဖြစ်စဉ်က နိုင်ငံတကာစနစ်အပေါ်ရေရှည်သက်ရောက်လာနိုင်သည့် နောက်ဆက်တွဲအကျိုးဆက်များကို စိုးရိမ်ရပြီး အင်အားကြီးနိုင်ငံများက ဤကဲ့သို့သောနည်းလမ်းမျိုးဖြင့် လုပ်ဆောင်မည်ဆိုပါက နိုင်ငံငယ်များအတွက် များစွာအခက်အခဲရှိနိုင်ကြောင်း၊ ယင်းလုပ်ရပ်ကို စင်ကာပူအနေဖြင့် အလွန်ပင်စိုးရိမ်မကင်းဖြစ်ရကြောင်းနှင့် လုံးဝလက်မခံကြောင်း ဝန်ကြီးချုပ်ဟောင်း လီရှန်လွန်းက အလေးအနက်ထားပြောသည်ဟုသိရသည်။ **Ref: Xinhua**


# အမေရိကန်၏ လုပ်ရပ်များသည် ကမ္ဘာ့အစီအစဉ်သစ်ကို ဖျက်ဆီးနေဟု ဂျာမနီသမ္မတပြော

**ဘာလင်၊ နိုင်ငံရေး**

အမေရိကန်ပြည်ထောင်စု၏ နိုင်ငံခြားရေးမူဝါဒများနှင့် လုပ်ဆောင်ချက်များသည် ဒုတိယကမ္ဘာစစ်နောက်ပိုင်း တည်ဆောက်ခဲ့သည့် ကမ္ဘာ့အစီအစဉ်သစ်ကို ပျက်စီးစေရုံသာမက တန်ဖိုးထားမှုကိုပါ ချိုးဖောက်နေကြောင်း ဂျာမနီသမ္မတ ဖရန့်ဝေါ်တာစတိုင်းမိုင်ယာက ဇန်နဝါရီလ ၈ ရက်တွင် ပြင်းထန်စွာ ဝေဖန်ပြောဆိုလိုက်သည်။

ဘာလင်မြို့တွင်ကျင်းပသည့် ဆွေးနွေးပွဲတစ်ခု၌ သမ္မတ စတိုင်းမိုင်ယာက ကမ္ဘာကြီးသည် ဥပဒေမဲ့ပြီး အင်အားကြီးသူက မတရားသိမ်းပိုက်သည့် အခြေအနေဖြစ်မလာစေရန် တားဆီးကြရမည်ဟုသတိပေးသည်။ အထူးသဖြင့် ဗင်နီဇွဲလားနိုင်ငံအတွင်း အမေရိကန်၏စွက်ဖက်မှုနှင့် ဂရင်းလန်ကျွန်းကို သိမ်းပိုက်လိုသည့်ရည်မှန်းချက်များသည် နိုင်ငံတကာဥပဒေများကို လေးစားမှုမရှိကြောင်း ပြသနေသည်ဟု ၎င်းကဆိုသည်။ **Ref: BP**

# မာယွန်မီးတောင်ချော်ရည်များ စီးဆင်းမှုကြောင့် မိသားစု ၁၀၀၀ နီးပါး ဘေးလွတ်ရာသို့ရွှေ့ပြောင်း



**မနီလာ၊ သဘာဝဘေး**

ဖိလစ်ပိုင်နိုင်ငံ အယ်ဘေးပြည်နယ်ရှိ မာယွန်မီးတောင်မှ ချော်ရည်များစီးဆင်းလာမှုကြောင့် မီးတောင်အနီးရှိ ကျေးရွာများမှ မိသားစုပေါင်း ၁၀၀၀ နီးပါးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရကြောင်း ဖိလစ်ပိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့က ဇန်နဝါရီလ ၈ ရက်တွင် ထုတ်ပြန်ထားသည်။

ထိုမီးတောင်ခြေရှိ ကျေးရွာ ၁၃ ရွာမှ လူဦးရေ ၃၅၀၀ ကျော်ခန့်ကို အစိုးရက ဖွင့်လှစ်ထားသောကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းပေးထားခြင်းဖြစ်သည်ဟု အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရုံး၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဖိလစ်ပိုင်မီးတောင်နှင့် ငလျင်ဗေဒဌာနသည် မီးတောင်ဝရှိ ချော်ရည်ခုံးများပြိုကျကာ ပူပြင်းသောဓာတ်ငွေ့နှင့်ပြာများ စီးဆင်းလာနိုင်သည့် အခြေအနေကို စောင့်ကြည့်ပြီးနောက် ဇန်နဝါရီလ ၆ ရက်တွင် မီးတောင်သတိပေးချက်ကို အဆင့် ၃ သို့တိုးမြှင့်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် မီးတောင်ဝမှ ချော်ရည်များစီးဆင်းနေပြီး လာမည့်ရက်ပိုင်း သို့မဟုတ် သီတင်းပတ်များအတွင်း ပြင်းထန်သော ပေါက်ကွဲမှုများ ဆက်လက်ဖြစ်ပွားနိုင်ကြောင်း မီးတောင်နှင့်ငလျင်ဗေဒဌာနက သတိပေးထားသည်ဟုသိရသည်။ **Ref: Xinhua**

# ရုရှားအလံလွှင့် ရေနံတင်သင်္ဘောကို အမေရိကန်ကသိမ်းဆည်းမှု ရုရှားရှုတ်ချ

**မော်စကို၊ နိုင်ငံရေး**

ရုရှားအလံလွှင့်ထူထားသော Marinera ရေနံတင်သင်္ဘောကို အမေရိကန်စစ်ဘက်ကသိမ်းဆည်းခဲ့ခြင်းသည် နိုင်ငံတကာပင်လယ်ရေကြောင်းဥပဒေ အခြေခံမူများကိုပြင်းထန်စွာချိုးဖောက်ခြင်းဖြစ်ကြောင်းနှင့် ယင်းလုပ်ရပ်ကိုရှုတ်ချကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ဇန်နဝါရီလ ၈ ရက်တွင် ထုတ်ပြန်သည်။

ပင်လယ်ပြင်အတွင်း သွားလာနေသော အရပ်ဘက်သင်္ဘောတစ်စင်းပေါ်သို့ အမေရိကန်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ခြင်း၊ လက်တွေ့၌ သင်္ဘောကိုသိမ်းဆည်းခြင်းနှင့် သင်္ဘောသားများကို ဖမ်းဆီးထားခြင်းတို့သည် လွတ်လပ်စွာရေကြောင်းသွားလာခွင့်နှင့် နိုင်ငံတကာဥပဒေများကို ဆိုးရွားစွာ ဖောက်ဖျက်ခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အမေရိကန်အစိုးရအနေဖြင့် ရုရှား-အမေရိကန်ဆက်ဆံရေးကို ပိုမိုဆိုးရွားစေမည့် နိုင်ငံတကာအကျပ်အတည်းများ ဖန်တီးရန်ပြင်ဆင်နေမှုအပေါ် စိုးရိမ်တုန်လှုပ်ကြောင်း ရုရှားအစိုးရကပြောသည်။ ထို့ပြင် Marinera သင်္ဘောနှင့် ပတ်သက်သည့် ယခုဖြစ်ရပ်သည် ဥရောပ-အတ္တလန္တိတ် ဒေသအတွင်း စစ်ရေးနှင့် နိုင်ငံရေးတင်းမာမှုများကို ပိုမိုမြင့်တက်လာစေနိုင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက အလေးအနက် သတိပေးထားသည်ဟုသိရသည်။ **Ref: Xinhua**



# မန်စီးတီးအသင်းက တိုက်စစ်ကစားသမားဆီမီညိုအားခေါ်ယူရန် ဆေးစစ်မှုအောင်မြင်ပြီး အပြီးသတ်စာချုပ်ချုပ်ဆိုနိုင်ကြောင်းကြေညာ




မန်ချက်စတာ ဇန်နဝါရီ ၈

မန်စီးတီးအသင်းက ဘုန်းမောက်အသင်းမှ တိုက်စစ်ကစားသမား ဆီမီညိုအား စာချုပ်ဖျက်သိမ်းကြေး ပေးချေပြီးခေါ်ယူရန် ဆေးစစ်မှုအောင်မြင်ပြီး အပြီးသတ်စာချုပ်ချုပ်ဆိုနိုင်ကြောင်း အတည်ပြုကြေညာခဲ့သည်။

ဆီမီညိုသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဘုန်းမောက်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ပြီးနောက် ၎င်းကို ထိပ်တန်းကလပ်အသင်းကြီးအများစုကခေါ်ယူရန်စိတ်ဝင်စားနေပြီး ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလကလည်း လီဗာပူးအသင်းနှင့် ချယ်လ်ဆီးအသင်းတို့က တရားဝင်ကမ်းလှမ်းမှုများလုပ်ဆောင်ခဲ့ကြသော်လည်း ဆီမီညိုကိုယ်တိုင်က အသင်းတွင် ဆက်လက်ကစားရန် ဆုံးဖြတ်ခဲ့သည့်အတွက် အပြောင်းအရွှေ့မဖြစ်မြောက်ခဲ့ခြင်းဖြစ်သည်။

ဘုန်းမောက်အသင်းနှင့် ဆီမီညိုတို့ချုပ်ဆိုထားသည့်စာချုပ်ပါအချက်အလက်များအရ ၂၀၂၆ ခုနှစ်ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် စာချုပ်ဖျက်သိမ်းကြေး စတာလင်ပေါင် ၆၅ သန်းပေးချေပြီးခေါ်ယူနိုင်မည်ဖြစ်သည့်အတွက် မန်စီးတီးအသင်းက စာချုပ်ဖျက်သိမ်းကြေးပေးချေကာ ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိ ကစားသမားအပြောင်းအရွှေ့ကာလမတိုင်မီကတည်းက ဘုန်းမောက်အသင်းနှင့်အကောင်းဆုံးခြေစွမ်းပြလျက်ရှိသည့် ဆီမီညိုအား မန်စီးတီးအသင်းအပြင် မန်ယူအသင်းနှင့် စပါးအသင်းတို့က ခေါ်ယူရန် ကြိုးပမ်းခဲ့ကြသော်လည်း ဆီမီညိုကိုယ်တိုင်က တခြားအသင်းများထက် မန်စီးတီးအသင်းထံသာ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းက ဆီမီညိုအား ခေါ်ယူရန် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလမတိုင်မီကတည်းက ကစားသမားဖြစ်သူနှင့် ကြိုတင်သဘောတူညီမှုရရှိထားသော်လည်း ဘုန်းမောက်အသင်းနှင့် စာချုပ်ဖျက်သိမ်းကြေးပေးချေမည့်ပုံစံကို အသေးစိတ်ဆွေးနွေးမှုများလုပ်ဆောင်ခဲ့ရာက နှစ်ဖက်အသင်းကြား သဘောတူညီမှုရရှိပြီးနောက် အပြောင်းအရွှေ့ကို အပြီးသတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# တွမ်တီးအသင်း နည်းစနစ်ဒါရိုက်တာအဖြစ် ဘောလုံးလောကသို့ တန်ဟတ်ပြန်လည်ဝင်ရောက်

အမ်စတာဒမ် ဇန်နဝါရီ ၈

လေဗာကူဆင်အသင်းနည်းပြဟောင်း တန်ဟတ်သည် နယ်သာလန်ကလပ် တွမ်တီးအသင်း၏ နည်းစနစ်ဒါရိုက်တာအဖြစ် ဘောလုံးလောကသို့ ပြန်လည်ဝင်ရောက်ကြောင်း သိရသည်။

မန်ယူအသင်း နည်းပြဟောင်းတစ်ဦးဖြစ်သည့် နည်းပြတန်ဟတ်သည် ယခုဘောလုံးရာသီတွင် လေဗာကူဆင်အသင်းနည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော်လည်း ရာသီအစ နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးပြီးနောက် နည်းပြရာထူးမှ ထုတ်ပယ်ခံရသူဖြစ်သည်။

နည်းပြတန်ဟတ်သည် လေဗာကူဆင်အသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရပြီးနောက် အစောပိုင်းက ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် ဝက်စ်ဟမ်းအသင်း၊ဝုဗ်အသင်းတို့နှင့် သတင်းများထွက်ပေါ်ခဲ့သော်လည်း ယခုအခါ တွမ်တီးအသင်းနည်းစနစ်ဒါရိုက်တာအဖြစ် ၂၀၂၈ ခုနှစ်အထိ စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ယခုဘောလုံးရာသီအစပိုင်းတွင် တွမ်တီးအသင်းနည်းစနစ်ဒါရိုက်တာ ဂျန်စရူးယာနုတ်ထွက်ခဲ့ပြီး လစ်လပ်နေသည့် နည်းစနစ်ဒါရိုက်တာနေရာ၌ နယ်သာလန်ဘောလုံးလောကနှင့် အတွေ့အကြုံကောင်းများရှိသည့် တန်ဟတ်ကိုခန့်အပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;Fotmob*

# အေစီမီလန်အသင်းက ဂိုးသမားမိုက်မိုင်နန်အား သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ရန် နီးစပ်လျက်ရှိ

မီလန် ဇန်နဝါရီ ၈

အေစီမီလန်အသင်းသည် အသင်းမှ ဂိုးသမားမိုက်မိုင်နန်အား သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ရန် နီးစပ်လျက်ရှိကြောင်း သိရသည်။

အသက် ၃၀ နှစ်အရွယ် ဂိုးသမားမိုက်မိုင်နန်သည် ၂၀၂၁ ခုနှစ်က လိုင်လီအသင်းမှ အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် လက်စွမ်းပြကစားနိုင်သူဖြစ်သည်။

ဂိုးသမားမိုက်မိုင်နန်သည် လက်ရှိ ဥရောပ၌ အကောင်းဆုံးဂိုးသမားများတွင် တစ်ဦးအပါအဝင်ရပ်တည်နေသူဖြစ်သည့်အတွက် ထိပ်တန်းအသင်းကြီးအများစုက ခေါ်ယူရန် စိတ်ဝင်စားခြင်းခံနေရသူဖြစ်သည်။

ဂိုးသမားမိုက်မိုင်နန်နှင့် အေစီမီလန်အသင်းတို့၏ စာချုပ်သက်တမ်းမှာ ယခုဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်သောကြောင့် အေစီမီလန်အသင်းက အဓိကဂိုးသမားတစ်ဦးကို လက်မလွှတ်လိုသည့်အတွက် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကြိုးပမ်းခဲ့ရာမှ ကာလရှည်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် နီးစပ်နေခြင်းဖြစ်သည်။

ဂိုးသမားမိုက်မိုင်နန်သည် ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလကပရီးမီးယားလိဂ် ထိပ်တန်းကလပ်အသင်းများသို့ ပြောင်းရွှေ့ကစားရန်နီးစပ်ခဲ့သော်လည်း နောက်ဆုံးတွင် အေစီမီလန်အသင်း၌သာ ဆက်လက်ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ဂိုးသမားမိုက်မိုင်နန်သည် ယခုဘောလုံးရာသီ စီးရီးအေပြိုင်ပွဲ၌ ၁၆ ပွဲကစားပြီးချိန်တွင် ခုနစ်ပွဲ ဂိုးမပေးရအောင် စွမ်းဆောင်ထားကြောင်း သိရသည်။

*Ref;B/R Football*




# ရီးယဲလ်မက်ဒရစ်အသင်းမှ ရူဒီဂါအားခေါ်ယူပေးရန် အယ်နာဆာအသင်း တာဝန်ရှိသူများထံ တိုက်စစ်ကစားသမားစီရော်နယ်ဒို တောင်းဆိုထား

ရီယက် ဇန်နဝါရီ ၈

ဆော်ဒီကလပ်အသင်းဖြစ်သည့် အယ်နာဆာအသင်းတိုက်စစ်ကစားသမား စီရော်နယ်ဒိုက ရီးယဲလ်မက်ဒရစ်အသင်းမှ ရူဒီဂါအားခေါ်ယူပေးရန် အသင်းတာဝန်ရှိသူများထံတောင်းဆိုထားကြောင်း သိရသည်။

အသက် ၃၂ နှစ်အရွယ် ရူဒီဂါသည် ၂၀၂၂ ခုနှစ်က ချယ်လ်ဆီးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီးနောက် ရီးယဲလ်မက်ဒရစ်အသင်းထံ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီး အသင်းနှင့်အတူအစောပိုင်းနှစ်များက အကောင်းဆုံးခြေစွမ်းပြနိုင်ကာ ရီးယဲလ်မက်ဒရစ်အသင်း ဆုဖလားများဆွတ်ခူးနိုင်ရာတွင် အဓိက ကစားသမားတစ်ဦးအဖြစ်ပါဝင်ခဲ့သူဖြစ်သည်။

သို့သော် ပြီးခဲ့သည့်ဘောလုံးရာသီမှစတင်ပြီး ရူဒီဂါသည် ဒဏ်ရာပြဿနာများနှင့် ရုန်းကန်ခဲ့ရပြီး ခြေစွမ်းပိုင်းများလည်း ကျဆင်းလာသည့်အတွက် ရီးယဲလ်မက်ဒရစ်အသင်းနှင့် အနာဂတ်မရေမရာဖြစ်လာခြင်းဖြစ်သည်။

ရူဒီဂါနှင့်ရီးယဲလ်မက်ဒရစ်အသင်းတို့၏ စာချုပ်သက်တမ်းမှာ ယခုဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းက ခြေစွမ်းပိုင်းကျဆင်းလာမှုနှင့်အတူ အသက်အရွယ်ပိုင်းအရလည်း အကျဘက်ကို ရောက်ရှိလာပြီဖြစ်၍ ရူဒီဂါအား ဘောလုံးရာသီအကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခွင့်ပြုဖွယ်ရှိနေသည့်အတွက် စီရော်နယ်ဒိုက အသင်းထံခေါ်ယူပေးရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

ရာသီအကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်မည့် ရူဒီဂါအား ပရီးမီးယားလိဂ်ကလပ်အသင်းတချို့နှင့် မေဂျာလိဂ်ကလပ်အသင်းတချို့ကလည်း ခေါ်ယူရန်စိတ်ဝင်စားနေသည့်အတွက် စီရော်နယ်ဒိုက အသင်းထံခေါ်ယူပေးရန် အယ်နာဆာအသင်းတာဝန်ရှိသူများထံ တောင်းဆိုထားခြင်းဖြစ်သည်။

ရူဒီဂါသည် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၆၄ ပွဲကစားခဲ့ပြီး ခုနစ်ဂိုးသွင်းယူထားကြောင်း သိရသည်။

*Ref;One Football*

# မော်လမြိုင်တက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ





မော်လမြိုင် ဇန်နဝါရီ ၈

မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် တောင်ဝိုင်းလမ်းရှိ မော်လမြိုင်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မော်လမြိုင်တက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများက“မြကျွန်းညီညီ” တေးသီချင်းဖြင့် သီဆိုဖျော်ဖြေပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက လူရည်ချွန်အဖြစ် အရွေးချယ်ခံရသူ မသဉ္ဇာရွှန်းလဲ့ခိုင်ကိုလည်းကောင်း၊ မော်လမြိုင်တက္ကသိုလ်၏ (၂၆)ကြိမ်မြောက် အဆိုအက၊ အရေးအတီးပြိုင်ပွဲ အဆင့်မြင့်ပညာကဏ္ဍ ဗဟိုအဆင့် အဆိုပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိသော မောင်နန္ဒအောင်နှင့် အရေးပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိသော မောင်မိုးသက်ထွန်းတို့ကိုလည်းကောင်း၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်၏ ဒီဂရီကောလိပ်ပေါင်းစုံ (ဇုန်အလိုက်) အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ဒုတိယဆုရရှိသော မော်လမြိုင်ဇုန် အမျိုးသားဘောလုံးအသင်းနှင့် တတိယဆုရရှိသော မော်လမြိုင်ဇုန် အမျိုးသမီးဘောလုံးအသင်း တို့ကိုလည်းကောင်း၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အမှတ်(၃) တက္ကသိုလ်လေ့ကျင့်ရေးစခန်းချသင်တန်းတွင် သေနတ်ပစ်အကောင်းဆုံးဆုရရှိသော မောင်ကောင်းမြတ်စံနှင့် သေနတ်ပစ်(ကျည်စု) အကောင်းဆုံးဆုရရှိသော မောင်ဖြိုးအောင်နေတို့ကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုဆုငွေများအား တစ်ဦးချင်းပေးအပ်ကြောင်းသိရသည်။ (၄၀၆)

# မိုးလေဝသ သတင်း




| ထူးခြားသည့်ညအပူချိန်များ | |
|---|---|
| ဟားခါး | ၀°C |
| ဟဲဟိုး | ၂.၄°C |
| နမ့်စန်(ရှမ်းပြည်တောင်ပိုင်း) | ၃.၂°C |
| လွိုင်လင် | ၃.၆°C |
| ပူတာအို | ၃.၈°C |
| တီးတိန် | ၄.၆°C |
| ပင်လောင်း | ၅°C |
| သီပေါ | ၅.၈°C |
| မိုင်းယန်း | ၆°C |
| နောင်ချို | ၆.၈°C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၁၀ | ၂၈ |
| ရှမ်း(မြောက်) | ၇ | ၂၇ |
| ရှမ်း(အရှေ့) | ၁၀ | ၂၇ |
| ရှမ်း(တောင်) | ၉ | ၂၂ |
| ချင်း | ၃ | ၁၇ |
| စစ်ကိုင်း(အထက်) | ၁၀ | ၂၉ |
| စစ်ကိုင်း(အောက်) | ၁၅ | ၃၁ |
| နေပြည်တော် | ၁၅ | ၃၁ |
| မန္တလေး | ၁၅ | ၃၁ |
| မကွေး | ၁၃ | ၃၀ |
| ရခိုင် | ၁၁ | ၂၇ |
| ပဲခူး | ၁၅ | ၃၁ |
| ရန်ကုန် | ၁၈ | ၃၀ |
| ဧရာဝတီ | ၁၇ | ၃၂ |
| ကယား | ၉ | ၂၅ |
| ကရင် | ၁၇ | ၃၄ |
| မွန် | ၁၉ | ၃၂ |
| တနင်္သာရီ | ၁၆ | ၃၂ |

# ကဝမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ကွင်းဆင်းကြည့်ရှုစစ်ဆေး

ကဝ ဇန်နဝါရီ ၈

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့မွန်းလွဲပိုင်းက ကဝမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူး-သနပ်ပင်-ခရမ်း-သန်လျင်လမ်း မိုင်တိုင်အမှတ် (၁၃/၆-၁၃/၇) ကြား စိန်နားကပ်တံတားတည်ဆောက်ရေး ရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေးစီမံကိန်းဆိုင်ရာ အချက်အလက်များအား တံတားအထူးအဖွဲ့(၉)မှ တာဝန်ရှိသူက ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူး-သနပ်ပင်-ခရမ်း-သန်လျင်လမ်းသည် သီလဝါဆိပ်ကမ်းနှင့် တိုက်ရိုက်ချိတ်ဆက်ထားသည့်လမ်းဖြစ်ပြီး နောင်တစ်ချိန် ကုန်စည်ပို့ဆောင်ရေးအတွက် အဓိကအသုံးပြုသွားမည်ဖြစ်၍ တံတားတည်ဆောက်ခြင်းအပြင် တံတားချဉ်းကပ်လမ်းများကောင်းမွန်မှုရှိစေရေး ထည့်သွင်းဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကဝမြို့နယ် အုန်းနဲ့စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ MSMEs လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းက အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အချက်အလက်များအား Power Point ဖြင့် ရှင်းလင်းတင်ပြသည်။ ၎င်းနောက် တက်ရောက်လာသည့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များတင်ပြရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များနှင့်ပတ်သက်၍ ဌာနဆိုင်ရာများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တက်ရောက်လာသည့် ဒေသခံများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက် အားပေးစကားပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကဝမြို့နယ် အုန်းနဲ့စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ မဲရုံအမှတ်(၁)တွင် မဲပေးသူနားနေရန်နေရာ၊ မဲစာရင်းအမှတ်စဉ်နေရာ၊ မဲစာရင်းစစ်ဆေးသူနေရာနှင့် အေးဆေးသက်သာစွာမဲပေးနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

ဥဿာတိုင်းသား

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် သစ္စာအားမာန်အသင်းက နောက်ကျဂိုးဖြင့် YREO အသင်းကို အနိုင်ယူ



ရန်ကုန် ဇန်နဝါရီ ၈

မြန်မာအမျိုးသမီးလိဂ် ၂၀၂၅-၂၀၂၆ ရာသီ အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၃) သစ္စာအားမာန်အသင်းနှင့် YREO အသင်းတို့ ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ YUSC ကွင်း၌ယှဉ်ပြိုင်ကစားကြရာ သစ္စာအားမာန်အသင်းက နောက်ကျဂိုးဖြင့် YREO အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပွဲစဉ်(၁၂)အပြီးတွင် သစ္စာအားမာန်အသင်းသည် ၁၁ ပွဲကစားအပြီး ၆ ပွဲနိုင်၊ ၃ ပွဲသရေ၊ ၂ ပွဲရှုံးကာ ရမှတ် ၂၁ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၄)နေရာတွင် ရပ်တည်နေသည့်အသင်းဖြစ်ပြီး YREO အသင်းသည် ၁၁ ပွဲကစားအပြီး ၃ ပွဲနိုင်၊ ၁ ပွဲသရေ၊ ၇ ပွဲရှုံးကာ ရမှတ် ၁၀ မှတ်ဖြင့် အဆင့်(၆)နေရာတွင် ရပ်တည်နေသည့်အသင်းဖြစ်သည်။ ရမှတ်ကွာခြားမှုရှိသော်လည်း ယနေ့ပြိုင်ပွဲတွင် YREO အသင်းသည် အသင်းကြီးတစ်သင်းဖြစ်သည့် သစ္စာအားမာန်အသင်းကို အကောင်းဆုံးယှဉ်ပြိုင်ကစားခဲ့သည်။

ပထမပိုင်းပွဲစသည်နှင့် သစ္စာအားမာန်အသင်း ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် YREO အသင်းဘက်ကို တရစပ်တိုက်စစ်ဆင်ကစားခဲ့သည်။ ပြိုင်ဘက်အသင်း ဂိုးဧရိယာအတွင်း အကြိမ်ကြိမ်ထိုးဖောက်နိုင်ခဲ့သော်လည်း YREO အသင်း နောက်တန်းကစားသမားများနှင့် ဂိုးသမားတို့ သတိကြီးကြီးထား ရှင်းလင်းဖျက်ထုတ်နိုင်ခဲ့၍ သစ္စာအားမာန်အသင်း ဦးဆောင်ဂိုးနှင့်ဝေးခဲ့ရသည်။ YREO အသင်းသည်ခံစစ်မှ တန်ပြန်တိုက်စစ်ကစားခဲ့ပြီး ပွဲကစားချိန် ၂၀ မိနစ်တွင် ဝင်းစန္ဒာက YREO အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့၍ ပြိုင်ပွဲအလှည့်အပြောင်းဖြစ်သွားသည်။

ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက်တွင် သစ္စာအားမာန်အသင်းချေပဂိုးရရှိရေး တိုက်စစ်အားမြှင့်လာသည်။ ချေပဂိုးရရှိရေး ဆန္ဒစောစောလည်း မကြာခဏလူကျံ့ဘောပေးခံရသည်။ သစ္စာအားမာန်အသင်း တိုက်စစ်အားမြှင့်လာမှုအပေါ် YREO အသင်းတစ်သင်းလုံးအကောင်းဆုံးပုံစံဖြင့်ဟန့်တားဖျက်ထုတ်နေကြရပြီး ပွဲကစားချိန် ၄၃ မိနစ်တွင် ဂိုးဧရိယာအတွင်းဖျက်ထုတ်စဉ် နောက်တန်းကစားသမား လက်ထိသွား၍ ပယ်နယ်တီပေးလိုက်ရသည်။ ရရှိသည့် ပယ်နယ်တီကို မြတ်နိုးခင်က အမှားအယွင်းမရှိသွင်းယူပြီး သစ္စာအားမာန်အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့၍ တစ်ဖက်တစ်ဂိုးစီဖြင့် ပထမပိုင်းပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းပြန်စသည်နှင့် ဦးဆောင်ဂိုးရရှိရေး နှစ်ဖက်အသင်းကစားသမားများ လူစားလဲမှုများပြုလုပ်လာပြီး အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသည်။ သူတစ်ပြန်ကိုယ်တစ်ပြန် အပြန်အလှန်တိုက်စစ်များဖြင့် ဂိုးရရှိရေးကြိုးစားခဲ့ကြရာ ပွဲကစားချိန် ၇၈ မိနစ်တွင် သစ္စာအားမာန်အသင်းအတွက် တိုက်စစ်မှူး မြတ်နိုးခင်က ဒုတိယဂိုးကို သွင်းယူခဲ့သည်။ လက်ကျန်အချိန်များအား အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြသော်လည်း ဂိုးရလဒ်ပြောင်းလဲမှုမရှိဘဲ ၂ ဂိုး ၁ ဂိုးဖြင့်ပင် သစ္စာအားမာန်အသင်းက အနိုင်ရရှိသွားသည်။

ဝန်းရံရဲ

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် ဇန်နဝါရီ ၈

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

(မိုး/ဇလ)

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ရူပဗေဒဘာသာရပ် သိကောင်းစရာ

ဒေါက်တာယဉ်မောင်မောင် ပါမောက္ခ (ဌာနမှူး)ရူပဗေဒဌာန

အထက်တန်းပညာရေး၏ အဆင့်မြင့်အဆင့်ဖြစ်သော ၁၂ တန်း ရူပဗေဒသင်ရိုးသည် သိပ္ပံဘာသာရပ်ကို ရွေးချယ်ထားသည့် ကျောင်းသားများအတွက် အလွန်အရေးကြီးသော အခြေခံအုတ်မြစ် တစ်ခုပင်ဖြစ်သည်။ ဤသင်ရိုးတွင် စုစုပေါင်းသင်ခန်းစာ ၁၃ ခု ပါဝင်ပြီး ၎င်းတို့ကို အဓိကအပိုင်းကြီး ၄ ပိုင်း ခွဲခြားထားပါသည်။

ပထမအပိုင်းသည် Mechanics အပိုင်းဖြစ်သည်။ Chapter 1 သည် မျဉ်းဖြောင့်ရွေ့လျားမှုကို လေ့လာခြင်းမှတစ်ဆင့် စက်ဝိုင်းပတ်ရွေ့လျားမှု (Rotational Motion) အကြောင်းကို ဆက်လက်လေ့လာခြင်းဖြစ်သည်။ Centripetal acceleration ၏ သဘောတရားကို ကောင်းစွာနားလည်ရန်လိုအပ်ပြီး ၎င်းသည် အမြဲတမ်း ဗဟိုချက်ဆီသို့ဦးတည်နေကြောင်း သိရှိရမည်။ Chapter 2 တွင် ဤအရှိန်ကို ဖြစ်ပေါ်စေသောအားကို ဆက်လက်လေ့လာသည်။ ဗဟိုချက်ဆွဲအား (centripetal force) သည် သီးသန့်အားတစ်ခုမဟုတ်ဘဲ တင်းအား (tension) သို့မဟုတ် ပွတ်တိုက်အား (friction) ကဲ့သို့သော အားများ၏ ဗဟိုချက်ဆီသို့ ညွှန်းသောရလဒ်အားစုတစ်ခုသာဖြစ်သည်။ ဗဟိုခွာအား (centrifugal force) ဆိုသည်မှာ ရွေ့လျားမှုဘောင်အတွင်းမှခံစားရသော ဒြပ်ဆွဲအားသာဖြစ်ပြီး pseudo-force ဖြစ်ပြီး inertial frame တွင် အမှန်တကယ်ရှိသောအားမဟုတ်ပေ။ Chapter 3 သည် အရည်များ၏ စီးဆင်းမှုသဘောတရားကို လေ့လာခြင်းဖြစ်သည်။ ဤတွင် streamline flow နှင့် turbulent flow ကဲ့သို့သော စီးဆင်းမှုပုံစံများကို လေ့လာရသည်။ Equation of Continuity တွင် အရည်သည် ကျဉ်းမြောင်းသောနေရာသို့ရောက်လျှင် အလျင်မြင့်တက်လာပုံကို ရှင်းပြပြီး Bernoulli's Equation သည် အရည်၏ဖိအား၊ အလျင်နှင့်အမြင့်တို့ကြားဆက်နွယ်မှုကိုဖော်ပြသည်။ အရည်၏ စေးကပ်မှု (viscosity) ကိုလည်းလေ့လာရသည်။

ဒုတိယအပိုင်းသည် Energy အပိုင်းဖြစ်ပြီး စွမ်းအင်၊ လှိုင်းများနှင့် အလင်းပညာ (Energy, Waves & Optics) များကို ဖော်ပြထားသည်။ Chapter 4 သည် စွမ်းအင်အရင်းအမြစ်များနှင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို လေ့လာသည်။ ဤအခန်းတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (renewable energy) နှင့် ပြန်လည်မပြည့်ဖြိုးနိုင်သော စွမ်းအင်အရင်းအမြစ်များ (non-renewable energy sources)၏ ကွာခြားချက်များကိုသိရှိရန်နှင့် ၎င်းတို့၏ ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို နားလည်ရန်အရေးကြီးသည်။ Chapter 5 ဖြစ်သော Heat Transfer of Thermodynamics တွင် အပူကူးပြောင်းနည်းသုံးမျိုးဖြစ်သည့် အပူလျှောက်ကူးခြင်း (conduction)၊ အပူစီးကူးခြင်း (convection)နှင့် အပူရောင်ခြည်ဖြာထွက်ခြင်း (radiation) တို့ကို လေ့လာရသည်။ Thermodynamics ၏ ပထမနိယာမ (First Law) သည် စွမ်းအင်တည်မြဲမှုနိယာမကို အပူနှင့်အလုပ်တွင် အသုံးချထားခြင်းဖြစ်သည်။

Chapter 6 တွင် အသံ၏ ဂုဏ်သတ္တိများနှင့် သက်ရောက်မှုများကို ဆက်လက်လေ့လာသည်။ အသံဖြတ်သန်းရန်အတွက် ကြားခံနယ်လိုအပ်ကြောင်း၊ ပဲ့တင်သံ (echo) ၏ အသုံးဝင်ပုံနှင့် Doppler Effect ၏ သဘောတရားတို့ကို နားလည်ရန်လိုအပ်သည်။ Chapter 7 နှင့် 8 သည် အလင်းပညာနှင့်သက်ဆိုင်သော အခန်းများဖြစ်သည်။ Chapter 7 တွင် အလင်းကိရိယာများဖြစ်သော မျက်လုံး၊ အဏုကြည့်မှန်ပြောင်း၊ အဝေးကြည့်မှန်ပြောင်းတို့၏ အလုပ်လုပ်ပုံနှင့် Laser၊ Fibre Optics စသည့်နည်းပညာများကို လေ့လာရသည်။ Chapter 8 တွင် အလင်း၏ လှိုင်းသဘာဝကြောင့်ဖြစ်ပေါ်သော diffraction နှင့် interference ကဲ့သို့သော ဖြစ်စဉ်များကို နက်ရှိုင်းစွာလေ့လာရသည်။

တတိယအပိုင်းသည် Electricity & Magnetism အပိုင်း ဖြစ်သည်။ Chapter 9 နှင့် 10 တွင် လျှပ်စစ်အခြေခံကိုလေ့လာနိုင်သည်။ Chapter 9 တွင် capacitor များ၏ အလုပ်လုပ်ပုံနှင့် ၎င်း၏ capacitance တွက်ချက်နည်းများကို သင်ယူရသည်။ Chapter 10 တွင် emf နှင့် voltage ကွာခြားချက်၊ လျှပ်စစ်ပါဝါတွက်ချက်နည်းနှင့် Joule's law အပါအဝင် လျှပ်စစ်နှင့်ပတ်သက်သော အခြေခံမှုများကို လေ့လာရသည်။ Chapter 11 ဖြစ်သော လျှပ်စစ်သံလိုက် ညို့ယူခြင်း (Electromagnetic Induction) သည် ခေတ်သစ်လျှပ်စစ်ဓာတ်အားစနစ်၏ အခြေခံဖြစ်သည်။ ဤအခန်းတွင် Faraday's law နှင့် Lenz's law တို့ကိုနားလည်ရန်နှင့် generator နှင့် transformer တို့၏ အလုပ်လုပ်ပုံကို သိရှိရန်အရေးကြီးသည်။ လျှပ်စစ်ဓာတ်အားပို့လွှတ်ခြင်းနှင့် domestic wiring အခြေခံများကိုလည်း ဤအခန်းတွင် လေ့လာရသည်။

Modern Physics တွင် Chapter 12 နှင့် Chapter 13 (၂) ခန်း ပါဝင်သည်။

Chapter 12 သည် ဒစ်ဂျစ်တယ်အီလက်ထရွန်းနစ် (Digital Electronics) နှင့် သက်ဆိုင်သောအခန်းဖြစ်သည်။ Analog နှင့် digital signals များ၏ကွာခြားပုံနှင့် AND, OR, NOT, NAND, NOR အစရှိသော logic gate များ၏ အလုပ်လုပ်ပုံကိုနားလည်ရန် လိုအပ်သည်။ Boolean Algebra ကိုအသုံးပြု၍ logic circuits များကို ရိုးရှင်းအောင်ပြုလုပ်နည်းကိုလည်း မိတ်ဆက်ပေးသည်။

Digital Electronics and Communication Systems ဘာသာရပ်သည် ခေတ်သစ်နည်းပညာ ကမ္ဘာ၏အခြေခံအဆောက်အအုံပင်ဖြစ်ပါသည်။ ရူပဗေဒဘာသာရပ်၏ ဤဘာသာရပ်ခွဲသည် transistor နှင့် microchip ကဲ့သို့သော အစိတ်အပိုင်းများကိုအသုံးပြုပြီး circuit များ ရေးဆွဲခြင်း၊ electronics ပစ္စည်းများကိုအသုံးပြု၍ သတင်းအချက်အလက်များ ကိုင်တွယ်ခြင်း၊ တစ်ခုနှင့်တစ်ခု ဆက်သွယ်ခြင်းတို့ကို လေ့လာပါသည်။

Electronic System ထဲမှ အဓိကအစိတ်အပိုင်းများကို active components နဲ့ passive components ဟူ၍ နှစ်မျိုးခွဲထားပါသည်။ Active components ဆိုသည်မှာ အလုပ်လုပ်ရန်အတွက် ပါဝါအရင်းအမြစ် လိုအပ်သောအရာများဖြစ်ပြီး၊ passive compo-nents တွင် မလိုအပ်ပေ။

Zener Diode သည် ပုံမှန် diode များနှင့်မတူညီပါ။ ၎င်းသည် လျှပ်စီးကြောင်းကို ရှေ့ဘက်သို့သာမက reverse voltage ကို ကျော်လွန်သောအခါတွင် နောက်ဘက်သို့ပါ စီးဆင်းစေနိုင်ပါသည်။ ထိုသို့စီးဆင်းရန်အတွက် သတ်မှတ်ထားသော reverse voltage (ပြောင်းပြန်ဗို့အား) သက်ရောက်မှုရှိရပါမည်။ ဤဂုဏ်သတ္တိကြောင့် Zener Diode သည် circuit တစ်ခုထဲတွင် ဗို့အားကို မပြောင်းလဲဘဲ ထိန်းထားပေးရန် (voltage regulation) နှင့် ပါဝါမြင့်တက်မှုများမှ ကာကွယ်ရန်အတွက် အသုံးဝင်ပါသည်။

Light Emitting Diode (LED) ဆိုသည်မှာ လျှပ်စီးကြောင်းဖြတ်သန်းသည့်အခါ အလင်းထုတ်ပေးသော semiconductor ပစ္စည်းတစ်မျိုးဖြစ်ပါသည်။ ပါဝါသုံးစွဲမှုနည်းခြင်း၊ သက်တမ်းရှည်ခြင်း၊ အရွယ်အစားသေးငယ်ခြင်း အစရှိသည့် အားသာချက်များကြောင့် LED များကို indicator အဖြစ်သာမက display များတွင်ပါ နေရာအနှံ့ အသုံးပြုနေကြပြီဖြစ်ပါသည်။

Photodiode သည် Light Emitting Diode နှင့် ဆန့်ကျင်ဘက် အလုပ်လုပ်သော ပစ္စည်းတစ်မျိုးဖြစ်ပါသည်။ ၎င်းကို အလင်းကျရောက်သည့်အခါ လျှပ်စစ်စီးကြောင်းထုတ်ပေးပါသည်။ ထို့ကြောင့် CD player များ၊ TV remote control ကဲ့သို့သော ကိရိယာများတွင် အလင်းအာရုံခံကိရိယာ (sensor)အဖြစ် အသုံးပြုကြပါသည်။

ဤအထူး diode များအပြင် အခြားသော အာရုံခံကိရိယာများသည်လည်း အရေးပါသောအခန်းကဏ္ဍတွင်ပါဝင်ပါသည်။ Light Dependent Resistor (LDR) ဟူသည် ၎င်းအပေါ်ကျရောက်သော အလင်းပြင်းအားများလာသည်နှင့်အမျှ ၎င်း၏လျှပ်စစ်ခုခံမှု (resistance) ကျဆင်းသွားသော အစိတ်အပိုင်းပင်ဖြစ်ပါသည်။ ထိုဂုဏ်သတ္တိသည် ညအချိန်တွင် အလိုအလျောက်လင်းသည့်လမ်းမီးများ၊ ခိုးသူသတိပေးစနစ် (burglar alarm) များတွင် အလွန်အသုံးတည့်ပါသည်။

Thermistor သည် အပူချိန်ပြောင်းလဲမှုကို ခုခံမှုပြောင်းလဲမှုအဖြစ် တိုင်းတာပေးသော အာရုံခံကိရိယာတစ်မျိုးဖြစ်ပါသည်။ Negative Temperature Coefficient (NTC) thermistor ဟုခေါ်သော အမျိုးအစားသည် အပူချိန်မြင့်တက်လာသည်နှင့်အမျှ ၎င်း၏ ခုခံမှု ကျဆင်းသွားပါသည်။ ထို့ကြောင့် ၎င်းကို အပူချိန်တိုင်းတာရန်နှင့် ထိန်းချုပ်ရန်အတွက် အသုံးပြုကြပါသည်။

ခေတ်သစ်ပစ္စည်းများထဲတွင် သတင်းအချက်အလက်များ ကိုင်တွယ်ခြင်းကို digital electronics မှ လုပ်ဆောင်ပေးပါသည်။ ဤစနစ်၏ အခြေခံအုတ်မြစ်မှာ logic gate များပင်ဖြစ်ပါသည်။ Logic gate များသည် binary input (0 & 1) တို့ပေါ်တွင် မူတည်ပြီး ဆုံးဖြတ်ချက်ချသော အခြေခံအဆောက်အအုံများဖြစ်ပါသည်။ AND, OR, NOT gate များသည် အခြေခံအကျဆုံးသော logic gate များပင်ဖြစ်ပါသည်။ Logic gate များကို ပေါင်းစပ်အသုံးပြုခြင်းဖြင့် computer နှင့် smartphone များ၏ လုပ်ဆောင်ချက်အားလုံးကို လုပ်ဆောင်နိုင်သည့် ရှုပ်ထွေးသော circuit များအား တည်ဆောက်နိုင်ပါသည်။

Electronics ပစ္စည်းများအချင်းချင်း သတင်းအချက်အလက်ဖလှယ်ရန်အတွက် communication system များလိုအပ်ပါသည်။ အခြေခံ electronic communication system တစ်ခုတွင် သတင်းအချက်အလက်ကို ပြင်ဆင်ပေးသည့် transmitter၊ သယ်ဆောင်ပေးသည့် channel နှင့် ဘာသာပြန်ပေးသည့် receiver ဟူ၍ ပါဝင်ပါသည်။ အသံကဲ့သို့သော သတင်းအချက်အလက်ကို အဝေးသို့ပို့ဆောင်နိုင်ရန်အတွက် modulation လုပ်ငန်းစဉ်ကို အသုံးပြုကြပါသည်။

Amplitude Modulation (AM) တွင် သယ်ယူသွားမည့် radio wave (ကြိမ်နှုန်းမြင့် လျှပ်စစ်သံလိုက်လှိုင်း) ၏ amplitude (ပြင်းအား) ကို ပို့ချင်သည့် အသံလှိုင်းအတိုင်း ပြောင်းလဲပေးလိုက်ပါသည်။ Frequency Modulation (FM) ၌ radio wave ၏ frequency (ကြိမ်နှုန်း) ကို ပြောင်းလဲပေးပါသည်။ FM သည် AM ထက် အသံအရည်အသွေးပိုကောင်းပြီး အနှောင့်အယှက်ဒဏ် ပိုခံနိုင်စွမ်းရှိပါသည်။

အချက်အလက်ကို လက်ခံရာတွင် demodulation လုပ်ငန်းစဉ်နှင့် modulated လှိုင်းမှ မူလအသံလှိုင်းကို ပြန်လည်ထုတ်ယူပြီး speaker မှတစ်ဆင့် ပြန်လည်အသံထွက်ပေးပါသည်။

ဤအခြေခံမှုများအား နားလည်ခြင်းသည် မိုဘိုင်းဖုန်းများ၊ အင်တာနက်နှင့် ကမ္ဘာ့အသံလွှင့်စနစ်များအပါအဝင် နည်းပညာကို ကောင်းစွာအသုံးချနိုင်ရန်နှင့် နားလည်စေရန် ပြတင်းပေါက်တစ်ခု ဖွင့်ပေးလိုက်သကဲ့သို့ပင်ဖြစ်ပါသည်။

နောက်ဆုံးအခန်းဖြစ်သည့် Chapter 13 သည် ခေတ်သစ်ရူပဗေဒ (Modern Physics) အကြောင်းကို မိတ်ဆက်ပေးခြင်းဖြစ်သည်။ Modern Physics တွင် Radioactivity, Nuclear Energy နှင့် Special Relativity ဟူ၍ အဓိက သုံးပိုင်းရှိပါသည်။

Radioactivity ဆိုသည်မှာ atom တစ်လုံး၏ nucleus မှ alpha particles, beta particles နှင့် gamma rays ဟူသည့် စွမ်းအင်မြင့် radiation (၃)မျိုး ထုတ်လွှတ်သောဖြစ်စဉ်ဖြစ်ပါသည်။ Alpha particles မှာ ionizing အများဆုံးဖြစ်ပြီး စက္ကူထူထူနှင့်တား၍ရပါသည်။ Beta particles မှာ Alpha particles ထက် ionizing ပိုနည်းပြီး ပါးလွှာသော အလူမီနီယံချပ်နှင့်တား၍ရပါသည်။ Gamma rays သည် ionizing အနည်းဆုံးဖြစ်ပြီး ထိုးဖောက်နိုင်စွမ်းအများဆုံးဖြစ်သောကြောင့် ခဲထူထူနှင့်ပင်လျှင် အပြီးတိုင်မတားနိုင်ပေ။ Radioactive ပစ္စည်းတစ်ခု၏ half-life ဆိုသည်မှာ ၎င်းတွင်ရှိသော atom များ ထက်ဝက်ယိုယွင်းပျက်စီးရန် ကြာသည့်အချိန်ကို ခေါ်ပါသည်။ Radioisotopes များကို ဆေးပညာတွင် ရောဂါရှာဖွေကုသရန်၊ စက်မှုလုပ်ငန်းများတွင် ချွတ်ယွင်းချက်ရှာဖွေရန်နှင့် ရှေးဟောင်းပစ္စည်းများ၏ သက်တမ်းကို တွက်ချက်ရန် အသုံးပြုကြပါသည်။

Nuclear Energy သည် atom ၏ nucleus ကွဲထွက်မှုမှ ထွက်ပေါ်လာသည့်စွမ်းအင်ဖြစ်ပါသည်။ Uranium-235 ကဲ့သို့ heavy nucleus ကို neutron နှင့် ထိမှန်လျှင် ၎င်းသည် fission ဖြစ်ပြီး နှစ်ပိုင်းကွဲသွားကာ ကြီးမားသည့်စွမ်းအင် ထွက်လာပါသည်။ ဤဖြစ်စဉ်မှ neutron အသစ်များလည်းထွက်လာပြီး အခြား nucleus များကို ဆက်တိုက်ကွဲစေခြင်းဖြင့် chain reaction ဖြစ်လာပါသည်။ Nuclear reactor ထဲတွင် ဤ chain reaction ကို ထိန်းချုပ်ပြီး လျှပ်စစ်ဓာတ်အားထုတ်ယူကြပါသည်။

Wave-Particle Duality ဆိုသောအယူအဆသည် light တွင် wave သဘောသာမက particle သဘောပါ တစ်ချိန်တည်းရှိသည်ဟုဆိုလိုခြင်းဖြစ်ပါသည်။ Light of particle ကို photon ဟု ခေါ်ပါသည်။ Louis de Broglie က ဤအယူအဆကိုချဲ့ထွင်ပြီး ရွေ့လျားနေသည့် matter (ဥပမာ-electron) တွင်လည်း wave သဘောရှိသည်ဟုအဆိုပြုခဲ့ပါသည်။ ထိုသို့သော wavelength ကို de Broglie wavelength ဟုခေါ်ပါသည်။ Electron ကဲ့သို့ သေးငယ်သော particle များအတွက် ဤ wavelength ကို တိုင်းတာ၍ရသော်လည်း ဘတ်စကက်ဘောကဲ့သို့ ကြီးမားသည့်အရာများအတွက် သတိထားမိရန်မလွယ်ကူချေ။


Einstein's Special Theory of Relativity ၏ အဓိကအချက်နှစ်ချက်မှာ-

၁။ ရူပဗေဒသဘောတရားအားလုံးသည် inertial frame of reference အားလုံးတွင် အတူတူပင်ဖြစ်သည်။

၂။ Speed of light သည် vacuum ထဲတွင် အတူတူပင်ဖြစ်ပြီး speed of source သို့မဟုတ် observer ပေါ်တွင် မှီခိုခြင်းမရှိပေ။

ဤသင်ရိုးသည် စာမေးပွဲအတွက်သာမက အနာဂတ်ဘဝတွင်လည်း သိပ္ပံနှင့်နည်းပညာကို နားလည်အသုံးချနိုင်ရန်အတွက်ပါ အထောက်အကူပြုမည့် အခြေခံအုတ်မြစ်ကောင်းတစ်ခုဖြစ်သည်။ သဘောတရားတိုင်းကို နက်ရှိုင်းစွာနားလည်ရန်ကြိုးစားပါက ရူပဗေဒဘာသာရပ်သည် ပိုမိုစိတ်ဝင်စားစရာကောင်းလာမည်ဖြစ်ပါသည်။

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံ ၆၃၃ လုံး စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်




**KK Park နယ်မြေအပိုင်း(၂)တွင် တရားမဝင် ဆောက်လုပ်ထားသည့် (၅) ထပ် လူနေအဆောက်အအုံ**

| မဖြိုဖျက်မီ | ဖြိုဖျက်ပြီး |
|---|---|
|  |  |

**KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် (၂) ထပ် လူနေအဆောက်အအုံများအား လေအိုးမီးအိုးဖြင့် ဖျက်ဆီးမှု**

| မဖြိုဖျက်မီ | ဖြိုဖျက်ပြီး |
|---|---|
|  |  |

**နေပြည်တော် ဇန်နဝါရီ ၈**

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံး အခြေချလုပ်ကိုင်လျက်ရှိကြသည့်ရွှေကုက္ကိုလ် နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျ ဖျက်ဆီးခြင်းနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ ၂ လုံး ၆၃၅ လုံးအနက် ၆၃၃ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် KK Park နယ်မြေ အပိုင်း (၃) အတွင်းရှိ တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ကို ထပ်မံဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) အပိုင်း(၁)နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင်အသုံးပြုခဲ့သည့်တရားမဝင်အဆောက်အအုံ ၁၄၈ လုံးနှင့်အပိုင်း(၃)နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ ၄၂၅ လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်ပြီး ယနေ့တွင် အပိုင်း(၂)နယ်မြေအတွင်းရှိအွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ၅ ထပ် အဆောက်အအုံ ၂ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင်အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာလ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ၂ ထပ် အဆောက်အအုံ ၅ လုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း တရားမဝင် အဆောက်အအုံ ၁၁၆ လုံးတို့ကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများ အပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ၈-၁-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု (ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗ စင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၆,၀၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**


## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၈**

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်ပါသည်။

(မိုး/ဇလ)

## အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်သတ်မှတ်




**နေပြည်တော် ဇန်နဝါရီ ၈**

**အားကောင်းသောမုန်တိုင်းငယ် အခြေအနေ**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အရှေ့အိန္ဒိယသမုဒ္ဒရာတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော မုန်တိုင်းငယ် (Deep Depression) သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့ (Coco Island) ၏ အနောက်တောင်ဘက် ရေမိုင် ၇၃၅ မိုင်ခန့်၊ သီရိလင်္ကာနိုင်ငံ ထရီကိုမာလီမြို့ (Trincomalee) ၏ အရှေ့တောင်ဘက်ရေမိုင် ၂၅၀ မိုင်ခန့်နှင့် အိန္ဒိယနိုင်ငံ ပူဒူချယ်ရီမြို့ (Puducherry) ၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၄၅၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**အားကောင်းသောမုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါအားကောင်းသောမုန်တိုင်းငယ်သည် ညနေ ၃ နာရီခွဲအချိန်တွင် မြောက်လတ္တီကျူ ၅ ဒသမ ၇ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၄ ဒသမ ၃ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်နှုန်းခန့်ဖြစ်သည်။

**နောက် ၃၆ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါအားကောင်းသောမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၃၆ နာရီအတွင်း သီရိလင်္ကာနိုင်ငံအနီးသို့ ရောက်ရှိနိုင်သည်ဟုခန့်မှန်းရသည်။

(မိုး/ဇလ)


Smart p ®
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
အုတ်တွင်းသကြားစက်
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com


နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
THE BEST QUALITY TYRE
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်။
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


""အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း""
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်။
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
NAY PYI TAW
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါအမှတ် | - | Tender.11.Med&Med Supplies(5th)(2025-2026) |
| တင်ဒါစတင်သည့်ရက် | - | ၉-၁-၂၀၂၆ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | - | ၂၂-၁-၂၀၂၆ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၃၁၀၈၅/၀၆၇-၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

---

## တပ်မတော်အသံလွှင့်တပ်
## သဇင်အသံလွှင့်ဌာနတွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းခေါ်ယူခြင်း

၁။ တပ်မတော်အသံလွှင့်တပ်၊ သဇင်အသံလွှင့်ဌာနတွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ် ခန့်အပ်ရန်အလိုရှိပါသည်-

(က) ကြေညာသူ(မြန်မာ)၊ ကြေညာသူ(အင်္ဂလိပ်)၊ ကြေညာသူ(တိုင်းရင်းသား)
(ခ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရ ဦးစားပေးမည်)
(ဂ) အယ်ဒီတာ(မြန်မာ)(ဝိဇ္ဇာဘွဲ့(မြန်မာစာ)နှင့် ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ) ဦးစားပေးမည်)
(ဃ) အယ်ဒီတာ(အင်္ဂလိပ်)(ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)နှင့် မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) ဦးစားပေးမည်)
(င) အသံဖမ်း(မြန်မာ/အင်္ဂလိပ်)(ကွန်ပျူတာဘွဲ့ရ ဦးစားပေးမည်)
(စ) ပရိုဂရမ်မာ(ကွန်ပျူတာဘွဲ့ရ ဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက် လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကျန်းမာရေးကောင်းမွန်သူများဖြစ်ရမည်။
(ခ) ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် အသက် ၃၀ နှစ်ထက်မကျော်စေရ။
(ဂ) အသံကောင်းမွန်ပြီး အနုပညာစိတ်ဝင်စားသူဖြစ်ရမည်။
(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(င) တူရိယာပစ္စည်းတစ်မျိုးမျိုးတီးခတ်နိုင်သူ(သို့မဟုတ်)အသံကောင်းမွန်သူ(သို့မဟုတ်) တိုင်းရင်းသားဘာသာစကားများထဲမှ ဘာသာစကားတစ်မျိုးမျိုးအား တတ်ကျွမ်းသူဖြစ်ရမည်။
(စ) အနည်းဆုံး ၅ နှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ အလုပ်လျှောက်လွှာပုံစံများကို မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ သဇင်အသံလွှင့်ဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ် **၀၃၃-၆၀၁၇၀** နှင့် **၀၉-၆၈၄၁၂၄၄၉၂** သို့ ဆက်သွယ်၍ဖြစ်စေ အခမဲ့ထုတ်ယူနိုင်ပါသည်။

၄။ အလုပ်လျှောက်လွှာနှင့်အတူ လိုအပ်သောစာရွက်စာတမ်းများကို **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့** နောက်ဆုံးထား၍ ပေးပို့ရမည်။

၅။ အချက်အလက်ပြည့်စုံသော အလုပ်လျှောက်ထားသူများ၏ လူတွေ့အင်တာဗျူးအား **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နှင့် ၃၀ ရက်နေ့**များတွင် ပြုလုပ်သွားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက သဇင်အသံလွှင့်ဌာန၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး။ **ဖုန်းနံပါတ် ၀၃၃-၆၀၁၇၀ နှင့် ၀၉-၆၈၄၁၂၄၄၉၂** သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

---

### မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇(က)(၂)နှင့် ဥပဒေပုဒ်မ ၁၅၂(က)အရ
### "PERFEKTO SHELVING COMPANY LIMITED"
### ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ၊ (၈)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်အရ "PERFEKTO SHELVING COMPANY LIMITED"အား (၈-၁-၂၀၂၆)ရက်နေ့မှစ၍ ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းရန် အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်း ဖျက်သိမ်းရာတွင် ဒေါ်စန်းကြည်(B.Com(Q) C.P.A, ASEAN CPA, Member of MAIP)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန် အဆိုပါ အစည်းအဝေးတွင် တစ်ပါတည်းဆုံးဖြတ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ(၈)ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| U SAI LYNE SENG | ဒေါ်စန်းကြည် |
| Managing Director | (B.Com(Q) C.P.A) |
| "PERFEKTO SHELVING COMPANY LIMITED" | (စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ) |

---

### "K & K VENUS INVESTMENT COMPANY LIMITED"
### မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေနှင့် လူမှုခံယူခြင်းဆိုင်ရာ ဥပဒေများအရ အစုရှယ်ယာရှင်များဆန္ဒအလျောက် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန် ကြေညာခြင်း

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ၊ (၈)ရက်နေ့ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ သာမန်ထက်ထူးကဲသောအထွေထွေအစည်းအဝေးတွင် "K & K VENUS INVESTMENT COMPANY LIMITED" အား အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၎င်းအစည်းအဝေးတွင် ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ငွေငွေမာ(B.Com, CPA)(မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများအသင်းဝင်အမှတ်-00178)(လူမှုခံယူခြင်းဆိုင်ရာကျွမ်းကျင်သူမှတ်ပုံတင်အမှတ်-103820)အား ခန့်အပ်ထားရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဒေါ်ငွေငွေမာထံသို့ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ၊ (၂၃)ရက် နောက်ဆုံးထား၍ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| U Hlo Htike Kyu | ဒေါ်ငွေငွေမာ |
| Director | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| "K & K VENUS INVESTMENT COMPANY LIMITED" | (B.Com, CPA) |
| | အမှတ်(၂၅)၊ ၅လွှာ၊ ဇလွန်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ |

---

**ပျောက်ဆုံးကြောင်း**
အေးရိုးထွေး(ဘ)ဦးကြောင်ရုတ် ၁၃/နဆန(နိုင်)၀၈၂၄၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

**ပျောက်ဆုံးကြောင်း**
မတိုးတိုးဝင်း(ဘ)ဦးကြိန် ၈/မဘန(နိုင်)၀၀၂၂၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၈၅၄၃၅၅၃

**ပျောက်ဆုံးကြောင်း**
ပိုးအိစံ(ဘ)ဦးကျော်ဆန်းဦး ၁၄/ဘကလ(နိုင်)၃၂၉၀၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၅၀၈၆၀၂၀

**ဖခင်အမည်မှန်**
အထက(၅)ပုသိမ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-12 မှ စောစတီးဟပ်၏ဖခင် စောဘဲဟယ်၏အမည်မှန်မှာ စောဘဲဟာ ၁၄/လပတ(နိုင်)၁၀၇၀၂၁ ဖြစ်ပါကြောင်း။
စောဘဲဟာ

**ဖခင်အမည်မှန်**
အထက(၅)ပုသိမ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-11 မှ မနွေးဦးလှိုင်၏ဖခင် ဦးအောင်ဖုန်းဇော်၏အမည်မှန်မှာ ဦးအောင်ဘုန်းဇော် ၁၄/ပသန(နိုင်)၁၇၀၆၈၀ ဖြစ်ပါကြောင်း။
ဦးအောင်ဘုန်းဇော်

**ဖခင်အမည်မှန်**
အထက(၅)ပုသိမ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-11 မှ စောအေးသစ္စာ၏ဖခင် စောနေသားထူး၏အမည်မှန်မှာ စောနေကေထူး ၁၄/မမန(နိုင်)၀၈၈၃၄၈ ဖြစ်ပါကြောင်း။
စောနေကေထူး

**ပျောက်ဆုံးကြောင်း**
နော်ဝေဝေထူး(ဘ)စောသောင်းထူး ၁၄/မအန(နိုင်)၂၂၇၆၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ဖခင်အမည်မှန်**
အထက(၅)ပုသိမ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-11 မှ နော်စိုးလယ်ဖော၏ဖခင် ဦးစောနက်ကျော်ဦး၏အမည်မှန်မှာ ဦးနက်ကျော် ၁၄/လပတ(နိုင်)၂၉၃၆၉ ဖြစ်ပါကြောင်း။
ဦးနက်ကျော်

**ပျောက်ဆုံးကြောင်း**
စည်သူနောင်(ဘ)ဦးစိန်သောင်း ၉/မကန(နိုင်)၁၀၄၈၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဖြူဖြူမာ(ဘ)ဦးဝင်းငွေ ၁၄/မမက(နိုင်) ၂၉၅၁၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၄၂၄၁၀၆၉

**ပျောက်ဆုံးကြောင်း**
ခိုင်အေးနွယ်(ဘ)ဦးအေးကို ၈/တတက(နိုင်)၁၀၁၆၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
စုလဲ့ငွေဝင်း(ဘ)ဦးငွေဝင်းသန်း ၈/မကန(နိုင်)၂၈၃၄၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 047571)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၁၄၃၈၉၇

---

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ချယ်ရီဥယျာဉ်အိမ်ရာ၊ အမှတ်(၃၁၊ ၃၂)နေ ဒေါ်ကြာညို သွယ်သင်း(ဘ)ဦးညီညီနိုင်(၁၂/ဥကတ(နိုင်)၁၈၆၃၃၃)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြာညိုသွယ်သင်း(ဘ)ဦးညီညီနိုင်(၁၂/ဥကတ(နိုင်)၁၈၆၃၃၃)နှင့် ဦးခန့်ကျော်ကျော်ထက်(ဘ)ဦးကျော်ကျော်ဦး(၇/ရတရ(နိုင်)၁၃၂၀၄၄)တို့သည် မရမ်းကုန်းမြို့နယ်တရားရုံး၏မှတ်ပုံတင်အမှတ်(၃၉/၂၀၂၅)ဖြင့် (၂၇-၅-၂၀၂၅)ရက်နေ့တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြာညိုသွယ်သင်းနှင့် ဦးခန့်ကျော်ကျော်ထက်တို့သည် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့သည့် (၂၇-၅-၂၀၂၅)ရက်နေ့မှစ၍ စီးပွားရေး၊ လူမှုရေးကိစ္စအဝဝတို့တွင် မည်သို့မျှ ပတ်သက်ဆက်နွယ်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုးမြင့်မြင့်မော်(LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၂၇၁)**
**အမှတ်(၃၂)၊ အကွက်(၂၉)၊ (ဆ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

---

**ဖခင်အမည်မှန်**
အထက(၅)ပုသိမ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-11 မှ နော်မေရီယာလေး၏ဖခင် စောခွားလေး၏အမည်မှန်မှာ ဦးဖိုးခွားလေး ၁၄/ပပတ(နိုင်)၂၁၅၅၄၃ ဖြစ်ပါကြောင်း။
ဦးဖိုးခွားလေး

**ပျောက်ဆုံးကြောင်း**
သက်ထားဝေ(ဘ)ဦးဝင်းထွဋ် ၁၄/ဒဒရ(နိုင်)၂၄၁၀၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
တင်ထွန်းဝေ(ဘ)ဦးမြင့်ငွေ ၉/ညဥန(နိုင်)၁၇၆၉၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ဖခင်အမည်မှန်**
အထက(၅)ပုသိမ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-11 မှ နော်ရှယ်ရွှန်း၏ဖခင် ဦးသန်းထိုက်၏အမည်မှန်မှာ စောသန်းထိုက် ၁၄/လပတ(နိုင်)၁၀၈၂၁၂ ဖြစ်ပါကြောင်း။
စောသန်းထိုက်

**ပျောက်ဆုံးကြောင်း**
အိငြိမ်းသူ(ဘ)ဦးမျိုးထွန်း ၇/ပခန(နိုင်)၅၀၇၄၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 227415)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

---

### မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၂၁၁)(က)အရ စာရင်းရှင်းလင်းဖျက်သိမ်းမှုနှင့်စပ်လျဉ်း၍ ကုမ္ပဏီတွင်ပါဝင်သူများအား နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

MULTISEAL COMPANY LIMITED ၏ ကုမ္ပဏီစာရင်းများအား အပြီးသတ်ရှင်းလင်းဖျက်သိမ်းရန် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ နောက်ဆုံးစာရင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအစီရင်ခံစာအား တင်ပြရန်အတွက် နောက်ဆုံးအစည်းအဝေးကို (၂၃-၁-၂၀၂၆)(သောကြာနေ့)တွင် အမှတ်(၁၉၂-အေ)၊ သစ္စာလမ်း၊ (၁၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များမှ မပျက်မကွက် တက်ရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

**ဒေါ်စိမ်းလဲ့လဲ့ယဉ်**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**MAIP-00123**

# လေမဖြတ်အောင် အစားရှောင်

ကျန်းမာရေးကို လိုက်စားသူ၊ လေ့ကျင့်ခန်းမှန်မှန်လုပ်သူ၊ ညအိပ်ရာဝင်ချိန်တွင် စောစောအိပ်လေ့ရှိသူ၊ နံနက်စောစောထပြီး ကန်ကြီးတစ်ပတ်လမ်းလျှောက်လေ့ရှိသူ၊ ဥပမိရုပ်ကြည်လင်ပြီး အသက်အရွယ်နှင့်မမျှ ဖျတ်လတ်သူတစ်ဦး ရုတ်တရက်လဲကျပြီး လေဖြတ်သွားသည်ဟု သိလိုက်ရသောအခါ အံ့သြမိသည်။

ထိုသူမှာ စာရေးသူ၏ဦးလေးအရင်းဖြစ်ပြီး ဥက္ကံဟုခေါ်သော သာယာလှပသည့် မြို့ငယ်လေး၌ နေထိုင်သူဖြစ်သည်။ ထိုမြို့သည် ရန်ကုန်-ပြည်ကားလမ်းနံဘေး၌ရှိပြီး စိမ်းလန်းစိုပြည်၍ ရာသီဥတုမျှတသောမြို့ဖြစ်ကာ ကျန်းမာရေးအတွက် နေထိုင်ရန်သင့်လျော်သောမြို့ဖြစ်သည်။

ဥက္ကံမြို့အလယ်တွင် ရေကန်ကြီးရှိသည်မှာ မြို့၏ထူးခြားချက်ဖြစ်သည်။ နံနက်စောစောနှင့် ညနေစောင်းအချိန်တို့တွင် ကြာဖြူ၊ ကြာနီတို့ပွင့်နေသော ကန်ပေါင်တစ်လျှောက် လမ်းလျှောက်သူ၊ ရေခပ်သူ ပျိုဖြူများဖြင့် စည်ကားလျက်ရှိသည့် မြို့ကျက်သရေဆောင်ရေကန်ကြီးဖြစ်သည်။ လမ်းလျှောက်ခြင်းသည် ကျန်းမာရေးအတွက် ဆေးတစ်ပါးဖြစ်သည်။ နှလုံး၊ သွေးချို၊ ဆီးချို၊ သွေးတိုးရောဂါများကို ကာကွယ်နိုင်သည်။ နေ့စဉ် ၂ မိုင်ခန့် လမ်းလျှောက်ပေးလျှင် လေဖြတ်ခြင်းမှ ကာကွယ်နိုင်သည်ဟု အနောက်တိုင်းဆေးသုတေသီများကဆိုကြသည်။

စာရေးသူမှတ်မိသည့်အရွယ်မှစ၍ ဦးလေးသည် နံနက်စောစောအိပ်ရာမှထပြီး ကန်ကြီးပတ်၍ လမ်းလျှောက်သည်။ ထွက်ပြူလာသော နေမင်းကြီးကို မျက်နှာမူ၍ အသက်ပြင်းပြင်းရှူထုတ်သောလေ့ကျင့်ခန်းများကိုလုပ်လေ့ရှိသည်။ ရှူသွင်း၊ ရှူထုတ်လေ့ကျင့်ခန်းများကြောင့် အဆုတ်အားကောင်းသည်။ အဆုတ်မှ သန့်ရှင်းသောသွေးကိုပို့ပေးသဖြင့် နှလုံးအားကောင်းသည်ဟု ဦးလေးကရှင်းပြသည်။ သူပြောသည့်အတိုင်း ဦးလေးမှာ မြင်ရသူတိုင်း အားကျရသည့် အစဉ်ကျန်းမာလန်းဆန်းနေသူဖြစ်သည်။

အသက် ၆၄ နှစ်ဆိုသောအရွယ်သည် နေမည်ဆိုလျှင် နောက်ထပ် ၁၀ နှစ်ကျော်နေနိုင်သောအရွယ်ဖြစ်သည်။ အသက်ကြီးသည်ဆိုရုံမျှနှင့် အိုမင်းသောအရွယ်မဟုတ်သေးပါ။ ဤအရွယ်တွင် ဦးလေးဘာကြောင့် လေဖြတ်ပြီးဆုံးပါးခဲ့ရပါသလဲ။ ဆန်းစစ်ကြည့်မိပါသည်။ လေဖြတ်မည့်နေ့က . .

– ဦးလေးသည် မိမိကိုယ်ကို ကျန်းမာရေးကောင်းသည်ဟုယူဆကာ နံနက်အေးသည့်အချိန် လမ်းလျှောက်ပြန်လာပြီး ရေချိုးသဖြင့် အအေးမိထားပုံရသည်။

– နံနက်စာစားသောအခါ ကြက်ဟင်းခါးသီးချက်၍ ငါးခြောက်ထောင်းကြော်သည်။

အထက်ပါအချက်နှစ်ချက်ကိုကြည့်လျှင် နံနက်ပိုင်း အအေးမိသောအခါ သွေးကြောများအအေးပတ်၍ ကျုံ့သွားသဖြင့် သွေးပေါင်ချိန်တက်လာနိုင်သည်။

တစ်ဖန် နံနက်စာ ကြက်ဟင်းခါးသီးချက်(လေပွ၊ သွေးတက်စာ)၊ ငါးခြောက်ထောင်းကြော် (ငန်၍ သွေးတိုးစေသောအစာ) တို့ကြောင့် သွေးအနည်းငယ်တိုးနေမည်။ သို့သော် သူခံနိုင်ရည်ရှိနေသေးသည်။

ညနေစာစားသောအခါ နံနက်က ကြက်ဟင်းခါးသီးဟင်းကျန်ကိုထပ်စားမိသည်။ ပိုဆိုးသည်မှာ ညနေစာဟင်းမှာ ဝက်သားဟင်းဖြစ်သည်။

ဦးလေးက ဝက်သားသိပ်မကြိုက်ပါ။ ကြုံလျှင် တော့စားပါသည်။ ထိုနေ့က ညနေစာစားပြီးနောက် တီဗွီထိုင်ကြည့်နေသည်။ သတင်းလာချိန် ည ၈ နာရီကျော် အိပ်ရာဝင်ရန် ထိုင်ရာမှအထတွင် မူးပြီး ရုတ်တရက်လဲကျသွားသည်ဟုဆိုသည်။ စကားမပီမသပြောပြီးနောက် သတိလစ်သွားသည်။ ညတွင်းချင်းပင် ဥက္ကံမြို့မှ မိုင် ၆၀ ခန့်ဝေးသော ရန်ကုန်ဆေးရုံကြီးသို့ပို့ကြသည်။ ဦးနှောက်နှင့်အာရုံကြောကုသဌာန၌ တစ်ရက်ကုသပြီး နောက်တစ်နေ့တွင် ဆုံးပါးသွားသည်။ ဦးခေါင်းဓာတ်မှန်အဖြေမှာ သွေးတိုးပြီး ဦးနှောက်သွေးကြောပေါက်သွားကာ ဦးနှောက်အတွင်း သွေးယိုစိမ့်ရာမှ သေဆုံးသွားခြင်းဖြစ်သည်။

တိုင်းရင်းဆေးပညာတွင် အခါးဟူသမျှ လေဓာတ်ကြွသည်ဟုဆိုသည်။ ခါးသောအစာများတွင် ခွေးတောက်ရွက်၊ တမာရွက်၊ ကြက်ဟင်းခါးသီး၊ လက်ဖက်စိုတို့သည် အခါးအများဆုံးဖြစ်သည်။ လေဓာတ်ကြွလျှင် လေတွန်းကန်အားကြောင့် သွေးဖိအားတိုးပြီး သွေးပေါင်တက်လာသည်။ အစာမကြေမချင်း သွေးပေါင်ချိန်ဖိအားများနေမည်ဖြစ်သည်။ တော်ရုံသွေးကျဆေးဖြင့်မကျပါ။ တချို့မှာ ကိုယ်စားချင်တာစားမည်၊ ပြီးမှ သွေးတိုးကျဆေးသောက်မည်ဟု ပြောကြသည်။ ပြင်းထန်သောလေတွန်းအားကြောင့် လေဓာတ်ကြွလျှင် သွေးတိုးကျဆေးက မကယ်နိုင်ပါ။

ဝက်သားမှာ အဆီအအိမ့်ဖြစ်သဖြင့် အစာကြေချိန်နှေးကွေးစေသည်။ အစာကြေအားနည်းသောအခါတွင် မူလထကြွနေသောလေဓာတ်မှာ ပို၍ကြွလာသည်။ သွေးပိုက်လိုင်းများတွင် ဖောင်းကားပြီး တိုးသောအခါ လည်ပင်းဘေးနှစ်ဖက်မှ သွေးကြောများ ဖောင်းပြီးတိုးနေသည်ကို တစ်ခါတစ်ရံ မျက်စိဖြင့်ပင် မြင်ရတတ်သည်။ ဦးနှောက်အတွင်း သွေးဖိအားတိုးသောအခါ အစွန်အဖျား၊ အခက်အလက်သွေးကြောလေးများ ပေါက်သွားရာမှ လေဖြတ်ခြင်းကိုဖြစ်စေသည်။

ရှေးတိုင်းရင်းဆေးဆရာကြီးများ၏ လေတိုးဟုခေါ်သောအယူအဆမှာ ယခုခေတ်သွေးတိုးရောဂါနှင့်အတူတူပင်ဖြစ်သည်။ ကျန်းမာရေးလိုက်စားသည်။ လမ်းလျှောက်သည်။ ဆေးလိပ်မသောက်၊ ကွမ်းမစား၊ အင်န်ရှောင်သော်ငြားလည်း လေစာဆိုသည်ကို သတိမမူမိလျှင်၊ မသိလျှင် လေဖြတ်ရောဂါနှင့် အသက်သေဆုံးနိုင်ကြောင်း အသိပေးလိုပါသည်။

"အခါးဟူသမျှ လေဓာတ်ကြွ
မူလပျက်စီးရာ။
ခွေးတောက်၊ တမာ၊
ကြောင်လျှာ၊ ကြက်ဟင်းခါး၊
ဝက်သား၊ လက်ဖက်
မတွဲဖက်၊ တစ်ချက်မှတ်ကြပါ။"

အထက်ပါအစာများကို တစ်မျိုးတည်းစားလျှင်လည်း အလွန်အကျွံမစားဘဲ သင့်တော်ရုံသာ စားသင့်သည်။ တစ်နေ့တည်း လေစာနှစ်မျိုးဆင့်ကာ စားမိလျှင် သွေးတိုး၍လေဖြတ်နိုင်ပါကြောင်း ကျန်းမာရေးသုတအနေဖြင့် ရေးသားလိုက်ရပါသည်။ ။

**"တိုင်းရင်းဆေးပညာတွင် အခါးဟူသမျှ လေဓာတ်ကြွသည်ဟုဆိုသည်။ ခါးသောအစာများတွင် ခွေးတောက်ရွက်၊ တမာရွက်၊ ကြက်ဟင်းခါးသီး၊ လက်ဖက်စိုတို့သည် အခါးအများဆုံးဖြစ်သည်။ လေဓာတ်ကြွလျှင် လေတွန်းကန်အားကြောင့် သွေးဖိအားတိုးပြီး သွေးပေါင်တက်လာသည်။ အစာမကြေမချင်း သွေးပေါင်ချိန်ဖိအားများနေမည်ဖြစ်သည်။ တော်ရုံသွေးကျဆေးဖြင့် မကျပါ။ တချို့မှာ ကိုယ်စားချင်တာစားမည်၊ ပြီးမှ သွေးတိုးကျဆေးသောက်မည်ဟုပြောကြသည်။ ပြင်းထန်သောလေတွန်းအားကြောင့် လေဓာတ်ကြွလျှင် သွေးတိုးကျဆေးက မကယ်နိုင်ပါ . . ."**

ကြည်လွင်မြင့်(မုံရွာ)

---

## ကျောင်းကုန်းမြို့နယ်၌ ငါးပြေမများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

ကျောင်းကုန်း ဇန်နဝါရီ ၈

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ ငါးပြေမများဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ခင်ခင်၏ပြောကြားချက်အရ သိရသည်။

ကျောင်းကုန်းမြို့နယ်၌ ငါးပြေမများကို ယခုနှစ် ဇန်နဝါရီလပထမပတ်မှ လက်ရှိအချိန်ထိ ပြည်တွင်းဈေးကွက်မှ ဝယ်လိုအားကောင်းလာခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်နေပြီး တစ်ရက်လျှင် ငါးပြေမပိဿာ ၅၀၀ မှ ၂၅၀၀ ခန့်အထိ အရောင်းအဝယ်ဖြစ်နေသည်။

"ကျောင်းကုန်းမြို့နယ်ကနေ ထွက်ရှိတဲ့ ငါးပြေမတွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ငါးပြေမတွေကို ရန်ကုန်ဈေးကွက်က ဒီနှစ် ဇန်နဝါရီလ ပထမပတ်ကစပြီး တဖြည်းဖြည်းဝယ်လိုအားကောင်းလာလို့ အရောင်းအဝယ်ကောင်းနေပါတယ်။ ပြည်တွင်းဈေးကွက်မှာ ငါးပြေမတွေ ဝယ်လိုအားကောင်းလို့ အရောင်းသွက်လာတာပါ။ လက်ရှိတစ်ရက်ကို ငါးပြေမပိဿာ ၂၅၀၀ ခန့်အထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒေသထွက်ငါးပြေမတွေကို ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် နေပြည်တော်နဲ့ တခြားဒေသတွေကို တင်ပို့ရောင်းချနေပါတယ်" ဟု ဒေါ်ခင်ခင်ကပြောသည်။

ကျောင်းကုန်းမြို့နယ်၌ လယ်ငါးပြေမနှင့်မွေးမြူရေးငါးပြေမများ အများဆုံးထွက်ရှိပြီး ထွက်ရှိလာသည့်ငါးပြေမများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ ငါးပြေမသည် ဈေးကွက် အခိုင်အမာရှိခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် ငါးပြေမများကို ထပ်တိုးမွေးမြူလာကြကြောင်း သိရသည်။

သုတကျော်

## မိုးနဲမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ (နားခံ) ၌ ပညာရည်ချွန်ဆုပေးပွဲကျင်းပ

မိုးနဲ ဇန်နဝါရီ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် နားခံကျေးရွာအုပ်စုရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ (နားခံ) ၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို အဆိုပါကျောင်းခန်းမ၌ ဇန်နဝါရီလ ၈ ရက်တွင် ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ မိုးနဲမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းအိအိစံက အဖွင့်အမှာစကားပြောကြားပြီး အခြေခံပညာအထက်တန်းကျောင်းခွဲ (နားခံ) ကျောင်းအုပ်ဆရာကြီး ဦးနေဇာထွန်းက ကျောင်း၏ အခြေအနေများကို ရှင်းလင်းတင်ပြသည်။




ထို့နောက် အခြေခံပညာအထက်တန်းကျောင်းခွဲ (နားခံ)၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူများက ဂုဏ်ပြုတေးသီချင်းများ သီဆိုခြင်းနှင့် အကပဒေသာများဖြင့် ကပြဖျော်ဖြေကြကြောင်း သိရသည်။

မျိုးညွန့်ရွှေ(မိုးနဲ)

❖ ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်ရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)လမ်းကြောင်းကို အဓိကကိုင်စွဲပြီး လျှောက်လှမ်းလျက်ရှိပါတယ်။ ငြိမ်းချမ်းရေးဖော်ဆောင်ရာမှာလည်း ပြည်ပစွက်ဖက်မှုမရှိဖို့လိုသလို ပြည်တွင်းကအဖျက်အမှောင့်ပယောဂတွေ ကင်းကင်းရှင်းရှင်းနဲ့လုပ်ဆောင်နိုင်ဖို့လည်းလိုပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇွန် ၂၅ ရက်နေ့တွင်ပြုလုပ်သော ငြိမ်းချမ်းရေးဖိုရမ် – Peace Forum 2025 ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆင်တဲနှင့်ထုံးဘိုတို့ရှိ တပ်မတော်အကြီးစားစက်ရုံများ၌ လယ်ယာသုံးစက်ကိရိယာများနှင့် မော်တော်ယာဉ်များထုတ်လုပ်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေး

## မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကစီးပွားရေးအဖြစ်ဆောင်ရွက်သည့်နိုင်ငံဖြစ်သဖြင့် နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်စေရေးအတွက် လိုအပ်သည့်လယ်ထွန်စက်များနှင့် စက်ကိရိယာများအား ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၈

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ဆင်တဲနှင့်ထုံးဘိုတို့ရှိ နယ်မြေခံတပ်မတော် အကြီးစားစက်ရုံများ၌ လယ်ယာသုံးစက်ကိရိယာများ၊ မော်တော်ယာဉ်များ ထုတ်လုပ်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နံနက်ပိုင်းတွင် တပ်မတော်အကြီးစားစက်ရုံ (ဆင်တဲ) သို့ ရောက်ရှိကြပြီး စက်ရုံမှထုတ်လုပ်ထားရှိသည့် လက်ဆွဲကောက်စိုက်စက်နှင့် Manual Drum Seeder များအား ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် စာမျက်နှာ ၁၆ ကော်လံ ၁ ⊃



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်အကြီးစားစက်ရုံ (ဆင်တဲ)မှ ထုတ်လုပ်ထားရှိသည့် လက်ဆွဲကောက်စိုက်စက်နှင့် Manual Drum Seeder များအား ကြည့်ရှုစစ်ဆေးစဉ်။

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ** စာ – ၇ သို့

**သွင်းကုန်လုပ်ငန်းရှင်များအား အသိပေးကြေညာခြင်း** စာ – ၁၅ သို့

**ပို့ကုန်လုပ်ငန်းရှင်များအား တိုက်တွန်းနှိုးဆော်ခြင်း** စာ – ၁၅ သို့

**ရူပဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် အထောက်အကူပြုစေရန် ရူပဗေဒဘာသာရပ်ဆိုင်ရာသိကောင်းစရာများကို ယနေ့ထုတ် မြဝတီသတင်းစာ စာမျက်နှာ (၂၆) တွင်ဖော်ပြထားပါသည်။

